# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၉)

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
၂၀၂၄ ခုနှစ်၊ မေ ၁၇ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောည၌ပါ အခါခပ်သိမ်းမေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် မေ ၁၆**

၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။


**Sky Cable Car**ကို ဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် **Sky Cable Car** စီးနင်းရင်း ပြင်ဦးလွင် ပန်းမြို့တော်၏ သဘာဝပတ်ဝန်းကျင်အလှများကို ကြည့်ရှုခံစားနိုင်ပြီဖြစ်ပါသည်။



**ပွဲကောက်ရေတံခွန်**
**(B E.FALLS)**
**အပန်းဖြေစခန်း**

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ မေ ၁၇ ရက်)

# ပြည်တွင်းစားသုံးဆီဖူလုံရေးပိုမိုကြိုးပမ်း

မြန်မာနိုင်ငံတွင် ဆီစားသုံးမှုများပြားနေသည့်အတွက် ပြည်ပမှစားသုံးဆီမှာယူသုံးစွဲနေရသည်။ ဆီစားသုံးမှုများပြားခြင်းမှာ ကျန်းမာရေးအရကောင်းသောလက္ခဏာတစ်ရပ်မဟုတ်ပေ။ ကျန်းမာရေးသုတေသနပြုချက်များအရ ဆီကိုလိုသည်ထက်ပိုမိုစားသုံးပါက နှလုံးသွေးကြောကျဉ်းခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းစသည့်ကုသရန်ခက်ခဲလှသောဝေဒနာများခံစားရပေမည်။ ဆီမပါလျှင်ဟင်းမဖြစ်ဟု မြန်မာတို့ပြောဆိုနေကြသော်လည်း ဆီကိုပါသင့်သည်ထက်လွန်ကဲစွာမသုံးဘဲ လျှော့နိုင်သမျှလျှော့၍ သုံးစွဲသင့်သည်။ လူတစ်ဦးချင်းစီက ဆီကိုလျှော့ချသုံးစွဲကြမည်ဆိုပါက မိမိ၏တစ်ကိုယ်ရေကျန်းမာရေးအတွက်အလွန်ကောင်းမွန်လှသလို နိုင်ငံတော်အတွက်လည်း ပြည်ပမှဆီဝယ်ယူတင်သွင်းနေရမှုများ လျော့နည်းလာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှစားသုံးဆီတင်သွင်းမှုကိုလျှော့ချနေသလို တစ်ဖက်တွင်လည်း ပြည်တွင်း၌ဆီထွက်သီးနှံများပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးကိုဦးစားပေးလျက်ရှိသည်။ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ပြည့်မီစေရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ်မှစတင်ကာ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများကို ဇုန်အလိုက်အကောင်အထည်ဖော်ဆောင်နေပြီဖြစ်သည်။ ဆီထွက်သီးနှံများစိုက်ပျိုးရမည့်ပမာဏအတိုင်းစိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ရွှေ့ပြေးလုပ်ငန်းစဉ်အဖြစ် ၂၀၂၃-၂၀၂၄ ခုနှစ်စိုက်ပျိုးရာသီတွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံသုံးမျိုးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သွင်းအားစုပံ့ပိုးပေးသည့်စနစ်ဖြင့် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ချေးငွေပံ့ပိုးမှုအနေဖြင့် မြေပဲတစ်ဧက ငွေကျပ်သုံးသိန်း၊ နှမ်းတစ်ဧက ငွေကျပ် ၁ ဒသမ ၅ သိန်းနှင့်နေကြာတစ်ဧက ငွေကျပ်နှစ်သိန်းနှင့်ညီမျှသည့် သွင်းအားစုများထောက်ပံ့ပေးခဲ့သည်။

ယခုဘဏ္ဍာနှစ်အတွင်း ဆီထွက်သီးနှံကိုအထူးဇုန်များဖြင့် စိုက်ဧကသုံးသန်းစိုက်ပျိုးမည်ဖြစ်ပြီး မြေပဲ၊ နှမ်း၊ နေကြာများကို နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့တွင်အထူးဇုန်များသတ်မှတ်ထားရှိကြောင်းသိရှိရသည်။ ထိုသို့ဆီထွက်သီးနှံအထူးစီးပွားရေးဇုန်များဖော်ဆောင်ရာတွင် တောင်သူများကိုမျိုးစေ့နှင့်သွင်းအားစုရရှိအောင်ဆောင်ရွက်ပေးမည့်အပြင် မြေဆီလွှာပညာရှင်များ၊ မျိုးစေ့ပညာရှင်များနှင့်ပိုးမွှားရောဂါကာကွယ်ရေးပညာရှင်များ၊ အထူးအရာရှိများပါဝင်သည့် ပညာရှင်အဖွဲ့များက ဒေသအလိုက် အသိပညာပေးစည်းရုံးဟောပြောခြင်းများဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင်အထူးဇုန်အတွင်းပါဝင်မည့်တောင်သူများကို မိရိုးဖလာစိုက်ပျိုးနည်းစနစ်ထက် သွင်းအားစုလိုအပ်ချိန်တွင် သွင်းအားစုအချိန်မှန်ထည့်သွင်းနိုင်ရေး၊ ရောဂါပိုးမွှားများကျရောက်သည့်အခါအချိန်မီကာကွယ်နိုင်ရေး၊ ရေလိုအပ်ချိန်တွင်စိုက်ပျိုးရေဖြည့်ဆည်းနိုင်ရေးပေါင်းစပ်ဆောင်ရွက်ခြင်းများဖြင့် အထွက်နှုန်းပြည့်မီအောင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုးဧက ၈ ဒသမ ၃ သန်းခန့်ရှိသည့်အနက် ဧက သုံးသန်းကို ပထမအဆင့်အနေဖြင့် ဆီထွက်သီးနှံအထူးဇုန်အဖြစ်စတင်အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသည့် မြေပဲ၊ နှမ်းနှင့်နေကြာအစရှိသည့် ဆီထွက်သီးနှံများကိုအရည်အသွေးမြင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်ရောင်းချနိုင်ပါက စားသုံးသူများအနေဖြင့်ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်မည်ဖြစ်သည်။ ထို့အတူပြုပြင်ရောနှောထားသည့် ကျန်းမာရေးနှင့်မညီညွတ်သောဆီများကိုသုံးစွဲနေရခြင်းမှ များစွာလျော့နည်းသွားမည်ဖြစ်သည်။ စားသုံးဆီများ၏စံချိန်စံညွှန်းနှင့်အရည်အသွေးကိုထိန်းချုပ်မြှင့်တင်ခြင်းမှတစ်ဆင့် ပြည်ပသို့တင်ပို့နိုင်သည်အထိမျှော်မှန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုကဲ့သို့အဘက်ဘက်မှတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်စဉ်ပြည်တွင်းဆီလိုအပ်ချက်အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော်ဖိုးတင်သွင်းနေရခြင်းကလည်းလျော့နည်းသွားမည်ဖြစ်သည်။

ဆီထွက်သီးနှံစိုက်ပျိုးရေးကဏ္ဍလိုအပ်ချက်များကို ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရေးကော်မတီက ဦးစီးလုပ်ဆောင်နေပြီး အဆင့်မီဆီစက်များတပ်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့်လက်ရှိဆီစက်များအဆင့်မြှင့်တင်ခြင်းများကို ဆီစက်ချေးငွေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များကဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်တွင်းထုတ်လုပ်မှုစာရင်းများအရ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းအထိ တစ်နိုင်ငံလုံးတွင်အကြီးစားဆီစက် ၂၃၀ ကျော်၊ အလတ်စားဆီစက် ၉၂၀ ကျော်နှင့်တစ်နိုင်တစ်ပိုင်ဆီစက်ငယ်ပေါင်း ၃၁၀၀ ကျော်ရှိသည်။ တစ်နှစ်လျှင်စားသုံးဆီထုတ်လုပ်မှုမှာ တန်ချိန် ၆၆၀၀၀ ကျော်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဆီကြိတ်ခွဲထုတ်လုပ်ရန်ငွေကြေးအရင်းအနှီးလိုအပ်ပြီး ချေးငွေမရရှိသေးသည့်ဆီစက်လုပ်ငန်းရှင်များကို ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအဖြစ် တစ်ဦးကိုအများဆုံးငွေကျပ်သိန်း ၃၀၀၀ အထိထပ်မံထုတ်ချေးမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ နေပြည်တော်ကောင်စီအပါအဝင်တိုင်းဒေသကြီး/ပြည်နယ် ခုနစ်ခုတို့မှဆီစက်ပိုင်လုပ်ငန်းရှင် ၂၀ ဦး၊ ဆီစက်ချေးငွေအဖြစ်ငွေကျပ် ၁၇၇၃ သန်းထုတ်ချေးထားပြီးဖြစ်သည်။ ပြည်တွင်းဆီစက်များပြန်လည်ဦးမော့လာကာ ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ စားသုံးဆီသုံးစွဲမှုစရိတ်လျှော့ချလာနိုင်မည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် စိုက်ပျိုးသူများ၊ ထုတ်လုပ်သူများတက်ညီလက်ညီဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးကို အားကြိုးမာန်တက်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါကဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ညောင်ဦး၊ လှူမှုရေး

# လူငယ်များအချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရေး လူသစ်တန်းစစ်တုရင်ပြိုင်ပွဲကျင်းပ

ညောင်ဦးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ညောင်ဦးမြို့နယ် စစ်တုရင်ဆပ်ကော်မတီတို့ပူးပေါင်း၍ နွေရာသီစစ်တုရင်သင်တန်းဆင်းပွဲနှင့်အထိမ်းအမှတ် လူသစ်တန်းစစ်တုရင်ပြိုင်ပွဲကို မေလ ၁၆ ရက် နံနက်ပိုင်းတွင် ညောင်ဦးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

လူသစ်တန်းစစ်တုရင်ပြိုင်ပွဲတွင် အသက် ၁၀ နှစ်အောက်နှင့် အသက် ၁၀ နှစ် အထက်ပြိုင်ပွဲအမျိုးအစားနှစ်မျိုးခွဲခြားထားပြီး မေလ ၁၆ ရက်မှ ၁၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ လူသစ်တန်းစစ်တုရင်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လူငယ် ၁၆ ဦးပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

စစ်တုရင်သင်တန်းကို မတ်လ ၅ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လူငယ်များအချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်နှင့် အသိပညာများတိုးပွားလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **ဒီပါလင်း**

**♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫**

၁၇-၅-၂၀၂၄(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် |
| ၄။ | ၁၇း၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၂၁း၂၀ | မြန်မာသံစဉ် (ကာလပေါ်) |
| ၆။ | ၂၁း၄၀ | Love Dictionary |


မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကွပ်ကဲမှု) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ


**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ရန်ကုန်၊ စိုက်ပျိုးစီးပွား

# ပြည်တွင်းဈေးကွက်၌ ပေါ်ဦးပေါ်ဖျားသရက်သီးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မြန်မာ့သရက်သီးများ ပေါ်ဦးပေါ်ဖျားကာလ ဝယ်ယူစားသုံးသူ များပြားနေသည့်အတွက် အရောင်းဖြစ်သည့် လက်ရှိအချိန်တွင် ပြည်တွင်းဈေးကွက်၌ အဝယ်ကောင်းမွန်လျက်ရှိကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

"မြန်မာလူမျိုးတွေက သရက်သီးဆိုရင် အမှည့်လည်းစားတယ်။ အစိမ်းဆိုရင်လည်းစားတယ်။ အဲဒါကြောင့် သရက်သီးက ပြည်တွင်းဈေးကွက် အခြေအနေကောင်းပါတယ်။ ဒါ့ပြင် ပြည်ပဈေးကွက်ကိုလည်း ထိုးဖောက်နိုင်ခြေရှိတာကြောင့် ဒီနှစ်က သရက်စိုက်တောင်သူတွေအတွက် အလားအလာကောင်းတဲ့နှစ် ဖြစ်လာပါလိမ့်မယ်"ဟု မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။

ပြည်တွင်း၌ သရက်ပင်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စိုက်ပျိုးကြသည့်အနက် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့၌ အများဆုံးစိုက်ပျိုးကြပြီး ယခုရက်ပိုင်းတွင် သစ်သီးဝလံဈေးကွက်အတွင်း ရင်ကွဲသရက်နှင့် စိန်တစ်လုံးသရက်များ စတင်ဝင်ရောက်နေပြီဖြစ်သည်။

ယခုကဲ့သို့ ပြည်တွင်း၌ သရက်သီးများစတင်ပေါ်ချိန်တွင် သရက်စိုက်ပျိုးသူများအနေဖြင့် ဈေးကွက်ဦးလိုဇောဖြင့် မရင့်မှည့်သေးသောသရက်သီးများကို ဆေးတို့၍ရောင်းချခြင်းအပါအဝင် မြန်မာ့သရက်သီးများအပေါ် စားသုံးသူများက ယုံကြည်မှုလျော့နည်းစေမည့်ကိစ္စရပ်များကို ရှောင်ကြဉ်သင့်ကြောင်း၊ စားသုံးသူများကလည်း သဘာဝအတိုင်းရင့်မှည့်သောသရက်သီးများကိုသာ ရွေးချယ်ဝယ်ယူကာ စားသုံးသင့်ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

နှစ်စဉ် ဧပြီလကုန်ပြီးနောက်ပိုင်းမှစ၍ ပြည်တွင်း၌ သရက်သီးများ စတင်ထွက်ပေါ်လေ့ရှိပြီး မြန်မာ့သရက်သီးများကို ပြည်တွင်းသာမက ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချလေ့ရှိကြောင်း၊ မြန်မာနိုင်ငံ၌ သရက်အမျိုးအစားပေါင်း ၁၂၀ ကျော်ရှိသည့်အနက် စိန်တစ်လုံး၊ ရွှေဟင်္သာ၊ မချစ်စု၊ ပတ္တမြားငမောက်၊ မြကျောက်နှင့်ရင်ကွဲ စသည့်သရက်မျိုးများကို စိုက်ပျိုးမှုများကာ တခြားသောသရက်မျိုးများထက်ရောင်းအားပိုမိုကောင်းမွန်ကြောင်း သိရသည်။

**ဆောင်းဦး**

---

မော်လိုက်၊ စိုက်ပျိုးရေး

# မော်လိုက်မြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲမျိုးစုံ ၆၃၆၄ ဧက ရိတ်သိမ်းပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲမျိုးစုံ ၆၃၆၄ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက မော်လိုက်မြို့နယ်၌ ပဲမျိုးစုံ ၆၃၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလက စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးနေပြီဖြစ်သည်။

"မော်လိုက်မြို့နယ်၌ ပဲမျိုးစုံအလိုက် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မတ်ပဲ ၂၅၅ ဧက၊ ပဲတီစိမ်း ၃၇၁ ဧက၊ ပဲပုပ် ၂၉၈ ဧက၊ ကုလားပဲ ဧက ၃၃၀၊ ပဲကြီး ၁၀၇ ဧက၊ ပဲကျား ၉၂ ဧက၊ စားတော်ပဲ ၄၇၁ ဧက၊ မြေထောက်ပဲ ၂၁၃၅ ဧက၊ တခြားပဲ ၂၃၀၅ ဧက စုစုပေါင်း ၆၃၆၄ ဧကဖြစ်သည်။

ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက မော်လိုက်မြို့နယ်၌ ပဲမျိုးစုံ ၇၆၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးခဲ့ရာ စိုက်ပျိုးရာသီပြီးဆုံးချိန်တွင် ၆၃၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။

မော်လိုက်မြို့နယ်၌ ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးအတွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၀၉)**

---

ရန်ကုန်၊ စီးပွားရေး

# ရွှေပြည်သာမြို့နယ်ရှိ ရွှေမဲဆိပ်ကမ်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တစ်လလျှင် ပြောင်းတန်ချိန် ၁၃၀၀၀ ကျော် တင်ပို့ရန်စီစဉ်

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ရွှေမဲဆိပ်ကမ်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တစ်လလျှင် ပြောင်းတန်ချိန် ၁၃၀၀၀ ကျော် တင်ပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း Shwe Me Logistics Services Co.,Ltd.မှ Shwe Me Terminal တာဝန်ခံမန်နေဂျာ ဦးကျော်လွင်၏ပြောကြားချက်အရ သိရသည်။

ပြည်တွင်းမှထွက်ရှိသော ဆန်ကွဲ၊ ပြောင်း စသည့်ကုန်ပစ္စည်းများအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများကို အိမ်နီးချင်းနိုင်ငံတို့သို့ ကုန်းလမ်းကြောင်းသာမက ပင်လယ်ရေကြောင်းဖြင့်လည်း တင်ပို့လျက်ရှိသည်။ ထို့အတူ ရွှေပြည်သာမြို့နယ်၌ တည်ဆောက်ထားသော ရွှေမဲဆိပ်ကမ်းမှလည်း ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ မလေးရှားနှင့် အိန္ဒိယ စသည့်နိုင်ငံတို့သို့ ပြည်တွင်းရေကြောင်းဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့၏ခွင့်ပြုချက်ဖြင့် ပြည်ပပို့ကုန်ပစ္စည်းများ တင်ပို့ခွင့်ပြုထားကြောင်း သိရသည်။

"ရွှေမဲဆိပ်ကမ်းက တောင်ကြီး၊ ရပ်စောက်၊ ဟိုပုံး စတဲ့မြို့နယ်တွေကနေ ထွက်ရှိတဲ့ပြောင်းတွေကို အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကို မေလလယ်လောက်ကစပြီး တင်ပို့ဖို့စီစဉ်နေပါတယ်။ လက်ရှိမှာ ရွှေမဲဆိပ်ကမ်းကနေ ထိုင်းနိုင်ငံသို့ တစ်လကို ပြောင်းတန်ချိန် ၁၃၅၀၀ ကို တန်ချိန် ၂၇၀၀ ဆံ့တဲ့ သင်္ဘောငါးစင်းနဲ့ တင်ပို့ဖို့ရှိပါတယ်။ ဒါ့ပြင် ရန်ကုန်-ကော့သောင်း-ရနောင်း၊ ရနောင်း-ကော့သောင်း-ရန်ကုန်လမ်းကြောင်းအတိုင်း ကုန်ပစ္စည်းတွေတင်ပို့ဖို့လည်း ဆောင်ရွက်နေပါတယ်" ဟု ဦးကျော်လွင်ကပြောသည်။

ပြည်တွင်း၌ ပြောင်းသည် ဆန်ပြီးလျှင် ဒုတိယအများဆုံးထွက်ရှိသော ထုတ်ကုန်ဖြစ်ပြီး ပြည်ပသို့ တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိမှုကိုနှိုင်းယှဉ်ပါက ပဲမျိုးစုံနှင့် ဆန်ပြီးလျှင် ပြောင်းက တတိယအများဆုံးဖြစ်ကြောင်း၊ လက်ရှိ ပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းထုတ်လုပ်မှုပမာဏမှာ မက်ထရစ်တန်ချိန် ၃ ဒသမ ၂ သန်းခန့်ရှိပြီး ယင်းတို့အနက် တန်ချိန် ၂ ဒသမ ၂ သန်းခန့်ကို ပြည်ပသို့တင်ပို့ကာ ကျန်တန်ချိန် တစ်သန်းခန့်ကို ပြည်တွင်း၌ သုံးစွဲကြောင်း သိရသည်။

**ဆောင်းဦး**



# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

**အခန်း (၆၀)**

ကမ္ဘာအေးဘုရားလမ်း၏ နံနက်ခင်းသည် တိတ်ဆိတ်လွန်းလှလေသည်။

စိန်ပန်းပင်တို့သည် အပွင့်များတုံးကုန်ပြီဖြစ်သော်လည်း မြစိမ်းခက်အရွက်တို့မှာ ဝေဆာနေကြလေသည်။ သရက်ပင်အုပ်အုပ်တို့တွင် အမျိုးအမည်မသိ ငှက်ငယ်တို့သည် ပေါက်ဖတ်၊ ပိုးမျှင်ဥများကို လိုက်လံစားသောက်ရင်း အာဟာရဖြည့်တင်းနေကြသည်။

ဂိတ်တံခါးဝနှစ်ဖက်တွင် ထင်းရှူးပင်နှစ်ပင်တို့သည် အရွက်ကျိုးကျဲ ညိုမွဲမွဲနှင့် ပလူမွေး ပလူထောင် ပေါက်ရောက်နေကြသည်။ ဝင်းတံခါးထဲမှ ကားသည် အထွက် 'စိတ်ရောဂါအထူးကုဆေးရုံ'ဆိုသည့် ဆိုင်းဘုတ်အောက်ဘက်မှ ကျွတ်လွတ်ခဲ့ပြီဖြစ်သည်။

ကားနောက်မှီကို မမှီဘဲ တောင့်တောင့်လေးထိုင်နေသော အောင်၏မျက်နှာသည် ဖျော့တော့နေသော်လည်း နှုတ်ခမ်းများက တင်းတင်းစေ့မနေတော့။ သူ့ထုံးစံအတိုင်း နှုတ်ခမ်းထောင့်စွန်းကွေးလျက် ပြုံးယောင်သန်းနေသည်။

"အောင်က အောင်ပါတယ်ကွာ၊ လောကကို အောင်ရမှာပေါ့"

ဘကြီးက ကားမောင်းရင်း ကားနောက်ကြည့်မှန်ထဲမှ အောင့်ကိုလှမ်းကြည့်ရင်း ပြောလိုက်လေသည်။ ဘကြီး၏ဘေးတွင် ထိုင်လျက်လိုက်ပါလာသော ကိုအောင်က အောင့်ကို လှည့်ကြည့်ပြီး. . .

"ဘကြီးတူမက သိပ်စိတ်ကူးယဉ်တာ၊ စိတ်ကူးတွေက နုလွန်းလို့ အဲလို. . ."

စကားပြောလောကြီးတတ်သော ကိုအောင်က သူ့စကားကို အဆုံးမသတ်တော့ဘဲ ဘကြီးရှေ့ အားနာပါးနာနှင့် အသာရယ်မောလိုက်လေသည်။ ချောစုက ကိုအောင့်ကျောကို လက်နှင့်လှမ်းတို့ပြီး. . .

**"ကားနောက်မှီကို မမှီဘဲ တောင့်တောင့်လေးထိုင်နေသော အောင်၏မျက်နှာသည် ဖျော့တော့နေသော်လည်း နှုတ်ခမ်းများက တင်းတင်းစေ့မနေတော့။ သူ့ထုံးစံအတိုင်း နှုတ်ခမ်းထောင့်စွန်းကွေးလျက် ပြုံးယောင်သန်းနေသည်။**

**"အောင်က အောင်ပါတယ်ကွာ၊ လောကကို အောင်ရမှာပေါ့"**

**ဘကြီးက ကားမောင်းရင်း ကားနောက်ကြည့်မှန်ထဲမှ အောင့်ကိုလှမ်းကြည့်ရင်း ပြောလိုက်လေသည်။ ဘကြီး၏ဘေးတွင် ထိုင်လျက်လိုက်ပါလာသော ကိုအောင်က အောင့်ကို လှည့်ကြည့်ပြီး. . .**

**"ဘကြီးတူမက သိပ်စိတ်ကူးယဉ်တာ၊ စိတ်ကူးတွေက နုလွန်းလို့ အဲလို"**

**စကားပြောလောကြီးတတ်သော ကိုအောင်က သူ့စကားကို အဆုံးမသတ်တော့ဘဲ ဘကြီးရှေ့ အားနာပါးနာနှင့် အသာရယ်မောလိုက်လေသည်. . ."**

"ကိုအောင်နော်. . . ဒီတစ်လှည့် ခင်ဗျားအလှည့်ပဲ၊ မနေ့က လွယ်အိတ်ကြီး လက်ဖက်ရည်ဆိုင်မှာ ကျန်ရစ်လို့ဆို"

ဒီတော့ အောင်ကပါ. . .

"ကိုအောင်က ပဒေါင်ချိန်းနေပြီလား"

ပြောရင်း တသောသောရယ်မောနေလေသည်။ ဒီတော့ ကိုအောင်က အောင့်ခေါင်းကို သူ့လက်ထဲမှ စာရွက်လိပ်ဖြင့် လှမ်းရိုက်လိုက်ပြီး. . .

"နင်က ပြောတော့မှာပေါ့"

ဘကြီးက ပြုံးလိုက်သည်။ ကားကို နှေးနှေးနှင့် မှန်မှန်မောင်းလာရာ ရှစ်မိုင်နားက မီးပွိုင့်နားတွင် မီးနီပြသဖြင့် စက်ရှိန်သတ်၍ ရပ်လိုက်ကာ. . .

"လောကကြီးမှာ လူတစ်ကိုယ် အရူးတစ်မျိုးစီပဲ ကိုအောင်ရ၊ စိတ်ပညာတွေမှာလည်း ရေးထားတာပဲ၊ Normal (နေရိုးနေစဉ်) နဲ့ Abnormal (ထူးထူးဆန်းဆန်းနေတာ)တဲ့၊ လူတိုင်း လူတိုင်းမှာ အဲဒီ Abnormal အမူအရာတွေက တစ်ခုမဟုတ် တစ်ခု ပြနေတာပဲကွ၊ အဲဒီ Abnormal တွေ လွန်ကဲသွားရင်. . ."

ဘကြီးသည် သူ့စကားတွေကို အဆုံးမသတ်ဘဲ ခေါင်းကို ခါယမ်းပြကာ တဟားဟားနှင့်ရယ်မောနေသည်။ ကိုအောင်က အောင့်ကို လှည့်ကြည့်ပြီး. . .

"အဲဒါ လွန်ကဲသွားရင် အောင့်လို. . ."

"ဘာလဲ၊ အပူပါရင် ခေါင်းပေါ်တင်ထား"

အောင်က ရန်ထောင်သည်။

"ငါ အကောင်းပြောတာ နင့်ကို ဝေဖန်စရာရှိတယ်၊ နင်ဟာ စိတ်ကူး သိပ်ယဉ်တယ်၊ စိတ်ကူးတွေနဲ့ နုလွန်းတယ်၊ ဒါ နင်တို့ ခေတ်ပညာတတ်လူတန်းစားအသိုင်းအဝိုင်းတွေရဲ့ ဉာဉ်ဆိုးတွေပဲ၊ လူရဲ့ စိတ်ဓာတ်ခိုင်မာမှုကို ပျော့ညံ့စေတယ်၊ လူကို ပျက်စီးစေတယ်၊ စိတ်ဓာတ်တွေ တွေဝေယိမ်းယိုင်လာတတ်တယ်"

"မယိုင်သေးဘူး"

"မယိုင်သေးလို့ ဒါလောက်ပေါ့"

"အခု ဘာဖြစ်လို့လဲ"

"အေးလေ. . . ဖြစ်ရင် မကောင်းတာကိုပြောတာ"

"စိတ်ကူးနည်းနည်းယဉ်တာ ဘာဖြစ်သလဲ၊ အနုပညာတောင် ဆန်သေးတယ်၊ အနုပညာဆန်တဲ့လူတွေဟာ လူတော်တွေချည်းပဲ၊

ဒီတော့ ကိုအောင်က တဟားဟားရယ်လျက် ချောစုဘက်ကိုလှည့်ကာ သူ့ခေါင်းကို လက်ညှိုးထိုးပြပြီး လက်ခါပြလိုက်ရာ ချောစုပါရယ်မောမိလေသည်။

"သွား" ဟု အောင်က ကိုအောင်၏ ကျောပြင်ကို ဖြန်းခနဲရိုက်လိုက်သည်။

ထုံးစံအတိုင်းပင် သူတို့နှစ်ယောက် ရန်ဖြစ်လာလေတော့သည်။

လမ်းချိုးအကွေ့ သစ်သီးဆိုင်တစ်ခုရောက်တော့ ကိုအောင်က ကားရပ်ရန် လက်ပြလိုက်လေသည်။

ထိုသစ်သီးဆိုင်ရှေ့တွင် ကားက ထိုးဆိုက်လိုက်လေသည်။

"သူဘယ်သူလဲ အောင်၊ နင် မှတ်မိသေးရဲ့လား"

ဆိုင်ထဲမှ ဝါးခြင်းကြီးတစ်ခုထဲ နာနတ်သီးတွေ၊ သီးမွှေးငှက်ပျောသီးတွေထည့်ကာ သယ်မလာသော ကိုလတ်၏အပြုံးကား မြင်ခဲ့ဖူးသည့်အတိုင်းပင်။

ခွန်အားရှိသော အပြုံး။ **ဆက်လက်ဖော်ပြပါမည်။**

**ဤဝတ္ထုပြီးဆုံးပါက စာရေးဆရာ မော်သာထွေး(မန္တလေး)၏ "ရေချိုကိုတန်ဘိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်" စာအုပ်အား ဆက်လက်ဖော်ပြပါမည်။**

---

**ရန်ကုန်၊ ရေထွက်ကုန်**

## ဧပြီလအတွင်း ပြည်ပသို့ ရေထွက်ကုန် မက်ထရစ်တန်လေးသောင်းကျော်တင်ပို့နိုင်



ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလအတွင်း ပြည်ပသို့ ရေထွက်ကုန် မက်ထရစ်တန် လေးသောင်းကျော်တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ပြည်ပကို ရေထွက်ကုန်မက်ထရစ်တန် ၄၂၄၆၂ ဒသမ ၉၂၀ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၈၄၄ သန်းရရှိခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်စ ဧပြီလ ၁ ရက်မှ ဧပြီလ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၈၂၆၈ ဒသမ ၄၉၅ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၁၉၇ သန်းရရှိခဲ့ကာ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၂၄၁၉၄ ဒသမ ၄၂၆ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၄၇ သန်းရရှိသည့်အတွက် ပြည်ပသို့ ရေထွက်ကုန် စုစုပေါင်း မက်ထရစ်တန် ၄၂၄၆၂ ဒသမ ၉၂၀ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၈၄၄ သန်းရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါး၊ ပုစွန်နှင့် တခြားရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**စောယု**

---

**ကျိုက်ထို၊ ခရီးသွား**

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၌ ကဆုန်လပြည့်နေ့တွင် တောင်တော်အပ်ပွဲကျင်းပမည်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်၌ ကဆုန်လပြည့်နေ့တွင် တောင်တော်အပ်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပြီး မိုးရာသီကာလတွင်လည်း တောင်တက်ကားများကို အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးမည်ဖြစ်ကြောင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့မှ သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၌ သီတင်းကျွတ်လပြည့်နေ့တိုင်း တောင်ဖွင့်ပွဲကျင်းပလေ့ရှိပြီး ကဆုန်လပြည့်နေ့တွင် တောင်တော်အပ်ပွဲ ကျင်းပလေ့ရှိသည်။

လတ်တလောတွင် နေ့စဉ် ဘုရားဖူးဦးရေ ၁၀၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး အစိုးရရုံးပိတ်ရက်များတွင် တစ်ရက်လျှင် ဘုရားဖူးဧည့်သည်ဦးရေ ၁၅၀၀ မှ ၂၀၀၀ ကြားဝင်ရောက်မှုရှိကြောင်း သိရသည်။

ယင်းအတွက် မိုးရာသီကာလတွင် လာရောက်မည့် ဘုရားဖူးဧည့်သည်များ အဆင်ပြေစေရန် တောင်တက်ကားများကို အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးမည်ဖြစ်ပြီး တည်းခိုဆောင်များ၊ စားသောက်ဆိုင်များကိုလည်း စီစဉ်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ ၂၀၂၃ ခုနှစ်က ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည် သုံးသိန်းကျော်အထိ ဝင်ရောက်ခဲ့ကြောင်း၊ အဆိုပါစေတီတော်ကို တစ်နှစ်ပတ်လုံးဖွင့်လှစ်ထားပြီး ဘုရားပွဲတော်ရာသီဖြစ်သည့် ဒီဇင်ဘာလမှ ဇန်နဝါရီလအထိ အစည်ကားဆုံးကာလဖြစ်ကာ ဘုရားဖူးပြည်သူ သိန်းနှင့်ချီ၍ ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

**ခန့်ခန့်**

မန္တလေး၊ စိုက်ပျိုးရေး

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ယခုနှစ်မိုးရာသီတွင် အရိပ်ရပင်ပေါင်းတစ်သောင်းနှင့် အလှပန်းပင်ပေါင်းငါးသိန်း စိုက်ပျိုးမည်

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ယခုနှစ်မိုးရာသီတွင် အရိပ်ရပင်ပေါင်း တစ်သောင်းနှင့် အလှပန်းပင်ပေါင်း ငါးသိန်းစိုက်ပျိုးမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ သိရသည်။

မန္တလေးမြို့သည် ကုန်စည်စီးဆင်းမှုအားကောင်းပြီး စီးပွားရေးအချက်အချာကျသော မြို့တစ်မြို့ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများပေါများကာ လူဦးရေသိပ်သည်းလာသောကြောင့် လူနေအိမ်များ၊ စက်ရုံများဆောက်လုပ်ရာတွင် မလွတ်ကင်းသော သစ်ပင်ကြီးများကို ဖယ်ရှားရှင်းလင်းရခြင်းများရှိသကဲ့သို့ မော်တော်ယာဉ်သုံးစွဲမှုများပြားလာခြင်းကြောင့် လမ်းများချဲ့ထွင်ရာတွင် ဖယ်ရှားရသောသစ်ပင်ကြီးများ၊ သဘာဝအလျောက်သေဆုံးသွားသော အပင်များလည်းရှိကြောင်း၊ အဆိုပါဆုံးရှုံးသွားသော သစ်ပင်ကြီးများနေရာ၌ အစားထိုးစိုက်ပျိုးခြင်းအစီအစဉ်နှင့် အပင်ကြီးလိုက်ရွှေ့ပြောင်းစိုက်ပျိုးခြင်းများကို နှစ်စဉ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

“အရိပ်ရပင်တွေကို စိုက်ပျိုးတဲ့နေရာမှာ မန္တလေးမြို့ရဲ့ ရေ၊ မြေ၊ ရာသီဥတုနဲ့ ကိုက်ညီမယ့်အပင်မျိုးတွေ၊ မန္တလေးမြို့ရဲ့ ပတ်ဝန်းကျင်ကို အကျိုးဖြစ်ထွန်းစေမယ့် အပင်မျိုးတွေ၊ မြန်မာမျိုးရင်း၊ ဒေသမျိုးရင်းတွေကို ဦးစားပေးရွေးချယ်စိုက်ပျိုးမှာပါ။ အဓိကအားဖြင့် မည်စည်ပင်၊ တည်ပင်၊ ငုပင်၊ ပိတောက်ပင် စတဲ့အပင်တွေကိုဦးစားပေးပြီးတော့ စနစ်တကျစိုက်ပျိုးပါမယ်” ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်လွင်ကပြောသည်။

အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးသွားသော သစ်ပင်ကြီးများနေရာ၌ အစားထိုးစိုက်ပျိုးခြင်းနှင့် အသစ်သစ်သောသစ်ပင်များကို ထပ်မံစိုက်ပျိုးရာတွင်လည်း သက်တမ်းသုံးနှစ်မှ ငါးနှစ်အတွင်းရှိ အမြင့် ၄ ပေခန့်ရှိသော သစ်ပင်များကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**

ပင်လောင်း၊ လူငယ်ရေးရာ

## ပင်လောင်းမြို့နယ်၌ ကင်းထောက်လူငယ်သင်တန်းဖွင့်



ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲကို မေလ ၁၅ ရက်က အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲတွင် ကင်းထောက်လူငယ်လေးများက ပြည်သူ့အတွက်အဆင်သင့် သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ပင်လောင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်လှမောင်က အမှာစကားပြောကြားရာ၌ သူတစ်ပါးအားကူညီရန်၊ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာမှုအားကောင်းရန်၊ အမြဲအသင့်ဖြစ်နေကြရန်၊ ကင်းထောက်ကတိသုံးပါး၊ ကျင့်ဝတ် ၁၀ ပါးကို အမြဲလိုက်နာစောင့်ထိန်းကြရန် လိုအပ်ကြောင်း၊ ကင်းထောက်လုပ်ငန်းဆိုသည်မှာ လူမှုဝန်ထမ်းသက်သက်မျှသာ ဦးတည်ဆောင်ရွက်ရန်ဖြစ်ပြီး လူငယ်တို့၏အကျင့်စာရိတ္တကို ပြုပြင်ခြင်း၊ သစ္စာရှိမှု၊ မျိုးချစ်စိတ်ရှိမှု၊ စွမ်းရည်သတ္တိရှိမှု၊ သူတစ်ပါးအတွက် ကူညီဆောင်ရွက်တတ်မှု၊ သဘာဝပတ်ဝန်းကျင်ကို အကဲခတ်လေ့လာသည့်အလေ့အကျင့်၊ ကိုးကွယ်သည့်ဘာသာတရားနှင့် လူကြီးသူမကို ရိုသေကိုင်းရှိုင်းသည့်အလေ့အထ၊ အများပြည်သူအကျိုးရှိသည့်တာဝန်များထမ်းရွက်မှု၊ မိမိအတွက်အသုံးဝင်သောလက်မှုပညာသင်ယူလေ့လာခြင်းဖြင့် မိမိတို့၏ကာယ၊ ဉာဏ၊ စာရိတ္တများ တိုးတက်လာစေရန်၊ လူငယ်တိုင်း နိုင်ငံ့သားကောင်းများဖြစ်ထွန်းလာစေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ပညာရေးဌာနတို့မှ လှူဒါန်းသည့် သင်တန်းအတွက် အလှူငွေ ငွေကျပ် ၁၂၁၆၄၀၀ ကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်လှမောင်က ပေးအပ်ရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးငွေဇော်က လက်ခံရယူသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးတင်ငွေက ကင်းထောက်လူငယ်သင်တန်းသားများအတွက် လည်စည်းများကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်သိန်းထွေးက သင်တန်းသားလက်စွဲစာအုပ်ကိုလည်းကောင်း ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**(၄၀၅)**

ကျုံပျော်၊ လူငယ်ရေးရာ

## လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျုံပျော်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ မေလ ၁၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးလှနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းစိုးက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး ဦးလှနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းစိုး၊ Grade-12 မှ မောင်ပြည့်ဖြိုးပိုင်၊ Grade- 11 မှ မအိအိဟန်နှင့် မောင်နိုင်ထွန်းလွင်တို့က လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်ပညာရေး စသည့်အကြောင်းအရာများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**

ကျောက်ဆည်၊ စိုက်ပျိုးရေး

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသော နွေနှမ်းများ အောင်မြင်ဖြစ်ထွန်း


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသနှင့်ကိုက်ညီသည့် နှမ်းများဖြန့်ဝေပေးနိုင်ရေးနှင့် စားသုံးဆီဖူလုံပိုလျှံစေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆင်းရတနာ-၄ နွေနှမ်း ဧက ၃၀၀၀ စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း နွေနှမ်းစိုက်တောင်သူများ၏ ပြောပြချက်အရ သိရသည်။

ကျောက်ဆည်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေနှမ်းများကို ပြည်ပန်းကျေးရွာ၌ ၉၂ ဧက၊ ပင်တလည်ကျေးရွာ၌ ၈၈ ဧက၊ ရွှေလေးကျေးရွာ၌ ၄၄၅ ဧက၊ မုန့်ပေါင်းကျေးရွာ၌ ၂၇၄ ဧက၊ သင်္ဂတုံကျေးရွာ၌ ၄၂၃ ဧက၊ ကျားကာကျေးရွာ၌ ဧက ၂၈၀၊ ပေါက်ကုန်းကျေးရွာ၌ ဧက ၁၁၀၊ ကုလကျေးရွာ၌ ဧက ၁၆၀၊ ရဲကြီးကျေးရွာ၌ ဧက ၁၆၀၊ ခါးတက်ကုန်းကျေးရွာ၌ ၆၁ ဧက၊ စပါယ်တောကျေးရွာ၌ ဧက ၈၀၊ စိုင်မလန်းကျေးရွာ၌ ဧက ၁၂၀၊ ရဲမအူကျေးရွာ၌ ဧက ၁၅၀၊ အင်ရောင်ကျေးရွာ၌ ဧက ၁၅၀၊ ညောင်ရွှေကျေးရွာ၌ ဧက ၂၅၀၊ တံစိုးကျေးရွာ၌ ၂၇ ဧက၊ လက်ပံပင်ကျေးရွာအုပ်စု၌ ဧက ၅၀၊ ကတဲကျေးရွာ၌ ဧက ၈၀ စုစုပေါင်း ဧက ၃၀၀၀ စိုက်ပျိုးထားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးထားသော နွေနှမ်းများအောင်မြင်ဖြစ်ထွန်းရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့်ပူးပေါင်းပြီး စိုက်ပျိုးရန် မြေပြုပြင်ချိန်မှစ၍ စိုက်ပျိုးခြင်း၊ သားခွဲခြင်း၊ ပေါင်းသင်ခြင်းနှင့် လိုအပ်သည့်အချိန်များတွင် သွင်းအားစုထည့်သွင်းခြင်းလုပ်ငန်းများ ကွင်းဆင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ပြန်/ဆက်)**

## မိုးလေဝသ သတင်း




မှတ်သားဖွယ်ရာမိုးရေချိန်များ

| | |
|---|---|
| တောင်ကြီး | (၁. ၁၈)လက်မ |
| ရွှေကျင် | (၀. ၉၅)လက်မ |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | (၀. ၅၁)လက်မ |
| ပင်လောင်း | (၀. ၃၂)လက်မ |
| ထီးလင်း | (၀. ၂၇)လက်မ |
| လွိုင်လင် | (၀. ၂၄)လက်မ |
| ထားဝယ် | (၀. ၁၆)လက်မ |
| ကော့သောင်း | (၀. ၁၆)လက်မ |
| လယ်ဝေး | (၀. ၁၂)လက်မ |

ထူးခြားသည့်နေ့အပူချိန်များ

| | |
|---|---|
| ချောက် | ၄၅. ၈ °C |
| မကွေး | ၄၄. ၆ °C |
| တောင်တွင်းကြီး | ၄၄. ၅ °C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၄၄. ၃ °C |
| မင်းဘူး | ၄၄. ၃ °C |
| အောင်လံ | ၄၄. ၃ °C |
| မြင်းခြံ | ၄၄. ၁ °C |
| ရွှေဘို | ၄၄. ၀ °C |
| မြင်းမူ | ၄၄. ၀ °C |
| ညောင်ဦး | ၄၄. ၀ °C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၄ | ၄၀ |
| ရှမ်း(မြောက်) | ၂၀ | ၃၅ |
| ရှမ်း(အရှေ့) | ၂၀ | ၃၃ |
| ရှမ်း(တောင်) | ၁၇ | ၃၂ |
| ချင်း | ၁၅ | ၃၀ |
| စစ်ကိုင်း(အထက်) | ၂၆ | ၄၂ |
| စစ်ကိုင်း(အောက်) | ၂၉ | ၄၄ |
| နေပြည်တော် | ၃၀ | ၄၀ |
| မန္တလေး | ၃၁ | ၄၄ |
| မကွေး | ၂၉ | ၄၄ |
| ရခိုင် | ၂၅ | ၃၃ |
| ပဲခူး | ၂၅ | ၄၂ |
| ရန်ကုန် | ၂၆ | ၄၀ |
| ဧရာဝတီ | ၂၅ | ၄၀ |
| ကယား | ၂၀ | ၃၃ |
| ကရင် | ၂၅ | ၄၀ |
| မွန် | ၂၆ | ၃၉ |
| တနင်္သာရီ | ၂၅ | ၃၈ |

ပဲခူး မေ ၁၆

# ပဲခူးတိုင်းဒေသကြီး "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားကျင်းပ



ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပဲခူးတိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး "ရှေ့သို့ချီမည် ပန်းတိုင်ဆီသို့" နှင့် "နိုင်ငံအကျိုးအတွက်မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်" ဗီဒီယို Clip တို့ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် လူငယ်လူရွယ်များအနေဖြင့် စာပေကိုအလေးထား တန်ဖိုးထားပြီး အမြဲမပြတ် လေ့လာဖတ်ရှုကြစေလိုကြောင်း၊ စာပေဖတ်ရှုခြင်းအလေ့အထမှ အသိဉာဏ်ပညာရင့်သန်လာပြီး အမှားနှင့်အမှန်၊ အဖြူနှင့်အမည်း၊ ဓမ္မနှင့် အဓမ္မကို ခွဲခြားသိမြင်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပညာတတ်များစွာလိုအပ်ပြီး စာဖတ်သည့် တိုင်းပြည်သည် ပိုမိုလျင်မြန်စွာ တိုးတက်သည်ကို တွေ့ရနိုင်ပါကြောင်း။

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို တက္ကသိုလ်အဆင့်၊ အခြေခံပညာအဆင့် အလိုက် ကျောင်းများတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆက်လက်ကျင်းပသွားရန်ဖြစ်ပါကြောင်း၊ အဆိုပါ ပွဲတော်များတွင် စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များ စသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများအဖြစ် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ကျောင်းပိတ်ရက်များတွင် သက်ဆိုင်ရာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများသည် စာကြည့်တိုက်များသို့ တစ်နာရီခန့် အစုအဖွဲ့အလိုက် သွားရောက် စာဖတ်ကြစေလိုကြောင်း၊ အမြဲမပြတ်ဆောင်ရွက်ခြင်းအားဖြင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားလာမည်ဖြစ်ပါကြောင်း၊ လူငယ်များအတွက် စဉ်ဆက်မပြတ် သင်ယူလေ့လာနိုင်သည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်နိုင်ရန် ဖန်တီးပေးကြစေလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာတွင်သာမကဘဲ ဗလငါးတန်နှင့်ပြည့်စုံသော ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ထူးချွန်ထက်မြက်သော လူငယ်များဖြစ်ရန် အမြော်အမြင်ရှိရမည်၊ မေတ္တာတရားရှိရမည်၊ ဆက်ဆံမှုကောင်းရမည်၊ သတ္တိရှိရမည်၊ အပြုသဘောမျိုးဆောင်ရမည်၊ တီထွင်ဖန်တီးလိုသည့်စိတ်ရှိရမည်၊ ဇွဲလုံ့လရှိပြီး စိတ်အားထက်သန်မှုရှိရမည်ဆိုသည့် အချက် ခုနစ်ချက်နှင့် ပြုမူကျင့်ကြံကြရန်လိုပါကြောင်း။

မေလ ၉ ရက်က နေပြည်တော်ကောင်စီနှင့် ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ စာဖတ်ရှိန် မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ကျင်းပခဲ့ပြီး စေတနာရှင်၊ အလှူရှင်များက ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရေးနှင့် စာအုပ်စာစောင်များ လက်လှမ်းမီ ထားရှိပေးနိုင်ရေး စာကြည့်တိုက်တစ်တိုက်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် စာကြည့်တိုက်အဆောက်အအုံ ၁၄၇ လုံးအတွက် ငွေကျပ်သိန်း ၂၂၀၅၀ ကို ပေးအပ်လှူဒါန်းခဲ့ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မူလတာဝန်အပြင် စာကြည့်တိုက်လုပ်ငန်းများကို အလေးထား၍ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ စာကြည့်တိုက်တစ်တိုက်အောင်မြင်အောင် ဆောင်ရွက်မည်ဆိုလျှင် စာကြည့်တိုက်အဆောက်အအုံ၊ စာအုပ်စာစောင်များ၊ စာအုပ်ငှားရမ်းသူ၊ ရန်ပုံငွေ၊ စာကြည့်တိုက်မှူးဆိုသည့် အချက်ငါးချက်နှင့် ပြည့်စုံရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဲခူးတိုင်းဒေသကြီး အတွင်းရှိ စာကြည့်တိုက်ခြောက်တိုက် ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ နှင့် စာကြည့်တိုက်သုံးတိုက် အသစ်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၄၅၀ စုစုပေါင်းငွေကျပ် သိန်း ၇၅၀ ကို ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် စာကြည့်တိုက်အသစ်ရှစ်တိုက် ဆောက်လုပ်ရန်အတွက် ကျပ်သိန်း ၁၂၀၀ ကိုလည်းကောင်း၊ ပဲခူးမြို့နယ်လုပ်ငန်းရှင်များအဖွဲ့၊ တိုင်းဒေသကြီးဗီဒီယိုအခြေခံလုပ်ငန်းရှင်များအဖွဲ့၊ ပြည်မြို့နယ်လုပ်ငန်းရှင်များအဖွဲ့တို့က စာကြည့်တိုက်အသစ်သုံးတိုက်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၄၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးစာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ တေးသံရှင် ဝိုင်းလမင်းအောင်က "လူချွန်လူကောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အမျိုးသားစာပေဆုရှင် စာရေးဆရာမ ဝတ်ရည်ခင်(ပဲခူး)က စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများကို



ဟောပြောဆွေးနွေးသည်။

ယင်းနောက် ပဲခူးမြို့ အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာရည်တို့လှမ်းချီ"သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အခမ်းအနားတွင် သီဆိုဖျော်ဖြေခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

ကျိုင်းတုံ မေ ၁၆

# ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကျိုင်းတုံမြို့နယ်အတွင်း ကျေးရွာသူ၊ ကျေးရွာသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စု ပင်းတောက်ရွာရှိ အဲန်လူမျိုးများအား အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးမှုကို ယနေ့တွင် မြို့နယ်ဦးစီးမှူး ဦးဆောင်၍ ဝန်ထမ်းများက အိမ်ထောင်စု ၆၁ စု၊ အသက် ၁၀ နှစ်ပြည့် ကျား ၇၄ ဦး၊ မ ၆၂ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကျား ၁၁၇ ဦး၊ မ ၁၀၆ ဦး စုစုပေါင်း ကျား ၁၉၁ ဦး၊ မ ၁၆၈ ဦး စုစုပေါင်း ၃၅၉ ဦးတို့အား ကွင်းဆင်းဆောင်ရွက်ထုတ်ပေးပြီး Biometric Data (UID) ကတ်ကိုလည်းတစ်ပါတည်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ကျိုင်းတုံမြို့နယ်ဦးစီးမှူးရုံးတွင်လည်း မိဘပြည်သူများအား Biometric Data (UID) ကတ် အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **(သတင်းစဉ်)**



၁၇-၅-၂၀၂၄

## မိုးထစ်ချုန်းရွာမည်

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

နေပြည်တော် မေ ၁၆

# တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းဖွင့်လှစ်နေမှုအား ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး သွားရောက်ကြည့်ရှုစစ်ဆေး



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် အရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဖွင့်လှစ်ထားရှိသည့် တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းကျောင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၆၆ ဦးကို တစ်နှစ်သင်တန်းပို့ချပေးလျက်ရှိသည်။

တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သတ်မှတ်ထားသည့် သင်တန်းစည်းကမ်းများနှင့်အညီ စနစ်တကျ လိုက်နာနေထိုင်၍ ပို့ချပေးသည့် ဘာသာရပ်များအပေါ် ကျေညက်စွာသိရှိစေရန် မေးမြန်းမှတ်သားခြင်း၊ လေ့လာသင်ယူခြင်းများဖြင့် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းမှာကြားပြီး သင်တန်းသား၊ သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ သင်တန်းသား၊ သင်တန်းသူ အိပ်ဆောင်များ၊ စားရိပ်သာဆောင်များ ပြင်ဆင်ထားရှိနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွေးမြူရေးဦးစီးဌာန၏ ပစ္စည်းသိုလှောင်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သိုလှောင်ရုံများနှင့်သိုလှောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ၊ သိုလှောင်ထားရှိသည့်ပစ္စည်းအမျိုးအစားအလိုက် စနစ်တကျထားရှိဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်၊ အစာစက်ရုံများအသင်း၊ အစာစပ်လုပ်ငန်းရှင်များအသင်းတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြည်တွင်းစားသုံးဆီဖူလုံရေးကို ဘဏ္ဍာရေးနှစ်အလိုက်တိုးချဲ့ဆောင်ရွက်သွားရန် နိုင်ငံတော်၏ မူဝါဒချမှတ်ဆောင်ရွက်နေမှုများနှင့် ပြည်တွင်းဆီစက်များမှ ထွက်ရှိလာမည့် ပဲဖတ်၊ နှမ်းဖတ်များကို မွေးမြူရေးတိရစ္ဆာန်အစာအဖြစ်အသုံးချနိုင်ရန် ထည့်သွင်းစီမံဆောင်ရွက်နေမှုများ၊ ပြည်ပမှတင်သွင်းလာသည့် တိရစ္ဆာန်ဆေးဝါးများနှင့်ဆက်စပ်သည့်ပစ္စည်းများအား အမှန်တကယ်လိုအပ်သည့်နေရာများတွင် ထိရောက်စွာသုံးစွဲရေး၊ ပြည်တွင်းထွက်ကုန်များကို ဦးစားပေးသုံးစွဲရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆက်လုပ်ငန်းများအားလုံးညီညွတ်စွာကြိုးပမ်းရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်အပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဌာနပိုင်မြေနှင့်အဆောက်အအုံများပေါ်တွင် ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် Yangon Wuling Diesel Engine Co., Ltd. လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံနှင့် Young Investment Group (YIG)၏ လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးပြီး ဌာနပိုင်မြေနေရာများ မူလသဘောတူညီချက်များအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ရန်၊ ပြောင်းလဲလာသည့် ရာသီဥတုအပေါ် မူတည်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လက်တွေ့လုပ်ငန်းခွင်နှင့် ကိုက်ညီသည့် လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဗန်းမော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်ကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**ပညာရေးဝန်ကြီးဌာန**

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်**

**"အသိပေးကြေညာချက်"**

၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၂၄ (သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၆း၀၃ | တရားတော် | ၇။ | ၁၀း၅၀ | ကျန်းမာသုတ |
| ၂။ | ၇း၁၅ | မေတ္တာပို့ | ၈။ | ၁၁း၂၀ | အတွေးအမြင် |
| ၃။ | ၇း၃၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၉။ | ၁၉း၀၀ | **(၃၈)ဖြာမင်္ဂလာ -အာရတီပါပါ၊ ဝိရတီပါပါ** |
| ၄။ | ၇း၄၅ | မြန်မာသံစဉ်ချိုနားဝင် | ၁၀။ | ည ၈ နာရီ သတင်းအပြီး | နိုင်ငံတကာသတင်း |
| ၅။ | ၈း၂၅ | နှစ်(၇၀)ကျော်ကြားတေးများ | ၁၁။ | | မိုးလေဝသသတင်း |
| ၆။ | ၉း၁၀ | အမျိုးသားရေးတေးကဗျာ | ၁၂။ | | တရားတော် |

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# ကင်ဆာရောဂါဖြစ်နိုင်ခြေများသည့် လူသိနည်းသောအချက်များ

> **"လေ့လာမှုတချို့မှာတွေ့ရတာက ညဘက်အိပ်ရာဝင်ချိန်မှာ တီဗွီကြည့်တာ၊ ဖုန်းနဲ့ကွန်ပျူတာကြည့်တာတွေက ကင်ဆာရောဂါဖြစ်နိုင်ခြေများစေပါတယ်။ Screen ကနေလာတဲ့အလင်းရောင်က ခန္ဓာကိုယ်မှာ Melatonin ထုတ်လုပ်မှုကို အနှောင့်အယှက်ဖြစ်စေလို့ ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေများစေပါတယ်။**
>
> **အသက်ကြီးလာတဲ့အခါ ကင်ဆာရောဂါဖြစ်နိုင်ခြေများလာပါတယ်။ အသက် ၆၅ နှစ်အထက်အရွယ်တွေက ကင်ဆာရောဂါဖြစ်နိုင်ခြေအများဆုံးဖြစ်တယ်။ အသက်ကြီးသူတွေမှာသာ ကင်ဆာရောဂါဖြစ်တာမဟုတ်ပါဘူး။ အသက်ငယ်ရွယ်သူတွေမှာလည်း ကျန်းမာရေးနဲ့ညီညွတ်မှုမရှိတဲ့ နေထိုင်မှုပုံစံတွေကြောင့် ကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားနိုင်ပါတယ်. . ."**

စီးကရက်သောက်တာ၊ အရက်အလွန်အကျွံသောက်တာ၊ ဓာတ်ရောင်ခြည်ထိတွေ့တာနဲ့ မျိုးရိုးဗီဇတွေကြောင့် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေများတာကို လူသိများပါတယ်။ လူသိနည်းတဲ့ကင်ဆာရောဂါဖြစ်နိုင်ခြေများတဲ့အကြောင်းရင်းတွေလည်း ရှိနေပါတယ်။ ဒီအကြောင်းတွေသိထားရင် ကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ကင်ဆာရောဂါဖြစ်လာပြီဆိုရင် နောက်ကျပြီးမှ ရောဂါရှိကြောင်းသိရှိကြတာများတယ်။ အစောဆုံးအဆင့်မှာသာသိရှိပြီး ကုသနိုင်ရင် အကောင်းဆုံးပါ။

ကြွက်တွေကို သုတေသနပြုလုပ်ရာမှာ သကြားဓာတ်စားသုံးမှုများရင် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေများတာ တွေ့ရှိပါတယ်။ သိပ္ပံပညာရှင်တွေလေ့လာခဲ့ရာမှာ သကြားဓာတ်က ရောင်ရမ်းမှုတွေကိုဖြစ်စေပြီး ကင်ဆာရောဂါဖြစ်နိုင်ခြေကိုလည်း မြင့်မားစေပါတယ်။ သကြားဓာတ်ကို ထိန်းချုပ်စားသုံးမယ်ဆိုရင် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေကိုလျှော့နည်းစေပါတယ်။

အရည်ပူပူတွေကို ပိုက်နဲ့စုပ်သောက်ခြင်းမပြုလုပ်သင့်ပါဘူး။ ကိုယ်က လက်ဖက်ရည်၊ ကော်ဖီအပူတွေကို ပိုက်နဲ့စုပ်သောက်တဲ့အကျင့်ရှိရင် လည်ချောင်းကင်ဆာဖြစ်နိုင်ခြေ နှစ်ဆပိုများတယ်လို့ သိပ္ပံပညာရှင်တွေက တွေ့ရှိခဲ့ပါတယ်။ ပူလောင်နေတဲ့အရည်တွေကိုသောက်တာကြောင့် အစာရေမျိုပြွန်ထိခိုက်စေပြီး ကင်ဆာဆဲလ်ကြီးထွားမှုကိုဖြစ်စေပါတယ်။ ဒါကြောင့် ပူလောင်နေတဲ့အရည်တွေကိုသောက်မယ်ဆိုရင် ပိုက်နဲ့စုပ်သောက်တာရှောင်ကြဉ်သင့်ပါတယ်။

နေရောင်ခြည်နဲ့ထိတွေ့မှုများရင်လည်း ကင်ဆာရောဂါဖြစ်စေနိုင်ပါတယ်။ နေရောင်ခြည်နဲ့ထိတွေ့မှုများတဲ့အခါ နေရောင်ထဲမှာပါတဲ့ ခရမ်းလွန်ရောင်ခြည်တွေကြောင့် အရေပြားကင်ဆာဖြစ်နိုင်ခြေများပါတယ်။ နေရောင်ခြည်နဲ့ထိတွေ့မှုနည်းရင်လည်း ကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားစေပါတယ်။ နေရောင်ခြည်ထိတွေ့မှုနည်းတဲ့အခါ ဗီတာမင်ဒီထုတ်လုပ်မှုလျော့နည်းစေလို့ အူမကြီးကင်ဆာနဲ့ ပန်ကရိယကင်ဆာဖြစ်နိုင်ခြေများစေပါတယ်။

လေ့လာမှုတချို့မှာတွေ့ရတာက ညဘက်အိပ်ရာဝင်ချိန်မှာ တီဗွီကြည့်တာ၊ ဖုန်းနဲ့ကွန်ပျူတာကြည့်တာတွေက ကင်ဆာရောဂါဖြစ်နိုင်ခြေ များစေပါတယ်။ Screen ကနေလာတဲ့အလင်းရောင်က ခန္ဓာကိုယ်မှာ Melatonin ထုတ်လုပ်မှုကို အနှောင့်အယှက်ဖြစ်စေလို့ ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေများစေပါတယ်။

အသက်ကြီးလာတဲ့အခါ ကင်ဆာရောဂါဖြစ်နိုင်ခြေများလာပါတယ်။ အသက် ၆၅ နှစ်အထက်အရွယ်တွေက ကင်ဆာရောဂါဖြစ်နိုင်ခြေအများဆုံးဖြစ်တယ်။ အသက်ကြီးသူတွေမှာသာ ကင်ဆာရောဂါဖြစ်တာမဟုတ်ပါဘူး။ အသက်ငယ်ရွယ်သူတွေမှာလည်း ကျန်းမာရေးနဲ့ညီညွတ်မှုမရှိတဲ့ နေထိုင်မှုပုံစံတွေကြောင့် ကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားနိုင်ပါတယ်။

ညဆိုင်းအလုပ်လုပ်ခြင်းက ကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားပါတယ်။ လေ့လာမှုတွေအရ ညဘက်မှာ အလုပ်လုပ်ရတဲ့အမျိုးသမီးတွေက နေ့ဘက်အလုပ်လုပ်ရတဲ့အမျိုးသမီးတွေထက် ရင်သားကင်ဆာဖြစ်ပွားနိုင်ခြေပိုများတယ်လို့သိရပါတယ်။ ဒါက နေ့အလင်းရောင်လို သဘာဝကမဟုတ်တဲ့ အလင်းရောင်တွေနဲ့ထိတွေ့မှုများတာကြောင့်ဖြစ်ရတယ်လို့ သိပ္ပံပညာရှင်တွေက မှတ်ချက်ပြုပါတယ်။ သဘာဝမဟုတ်တဲ့ အလင်းရောင်တွေနဲ့ထိတွေ့ပြီး Melatonin ထုတ်လုပ်မှုကိုအားနည်းစေပြီး နှလုံးခုန်မမှန်တာကိုလည်း ဖြစ်လာနိုင်ပါတယ်။

ခန္ဓာကိုယ်မှာ ထိခိုက်မှုတွေဖြစ်တဲ့အခါ ရောင်ရမ်းတာကပုံမှန်ဖြစ်စဉ်တစ်ခုပဲဖြစ်ပါတယ်။ ရောင်ရမ်းတဲ့ဖြစ်စဉ်ကနေ ဓာတုဒြပ်ပေါင်းတွေ ထုတ်ပေးပြီး ထိခိုက်မိတဲ့တစ်သျှူးတွေကိုအနာကျက်အောင် ကူညီပေးပါတယ်။ ဒါပေမဲ့ ပိုးကူးစက်တာကြောင့် ခန္ဓာကိုယ်တွင်းမှာ နာတာရှည်ရောင်ရမ်းမှုတွေခံစားရတဲ့အခါ ပုံမှန်မဟုတ်တဲ့ခုခံစွမ်းအားစနစ်က ပုံမှန်တစ်သျှူးတွေကိုထိခိုက်စေပြီး အဝလွန်တာတွေဖြစ်လာနိုင်ပါတယ်။ ရောင်ရမ်းမှုတွေရှည်ကြာလာတဲ့အခါ ဆဲလ်တွေရဲ့ဒီအင်အေကိုပျက်စီးစေပြီး ကင်ဆာရောဂါဖြစ်ပွားနိုင်ပါတယ်။ နာတာရှည်ရောင်ရမ်းမှုတွေကြောင့် ကင်ဆာရောဂါဖြစ်ပွားမှုကိုလျှော့ချဖို့အတွက် Aspirin ဒါမှမဟုတ် Steroid မဟုတ်တဲ့အကိုက်အခဲပျောက်ဆေးတွေ (NSAIDs) သောက်သုံးနိုင်ပါတယ်။

၂၁ ရာစုမှာ လူတွေရဲ့နေထိုင်မှုစနစ် ပြောင်းလဲလာပါတယ်။ ကိုယ်က တီဗွီရှေ့၊ ကွန်ပျူတာရှေ့မှာ တစ်နေကုန်ထိုင်ပြီး အလုပ်လုပ်နေမယ်ဆိုရင် ကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားစေပါတယ်။ တစ်ရက်ကို နံနက် ၉ နာရီအလုပ်စချိန်ကတည်းက ညနေ ၅ နာရီအထိ မထတမ်းအလုပ်လုပ်နေသူတွေအနေနဲ့ တခြားသူတွေထက် အဝလွန်နိုင်ခြေပိုများပြီး ကင်ဆာရောဂါဖြစ်နိုင်ခြေလည်းပိုများပါတယ်။ သွေးလှည့်ပတ်မှုမကောင်းတာကြောင့် သွေးကြောနဲ့ဆိုင်တဲ့ရောဂါတွေလည်း ဖြစ်ပွားလာနိုင်ပါတယ်။ ဆဲလ်တွေအတွင်းမှာ အဆိပ်အတောက်တွေစုမိနေပြီး ဆဲလ်တွေရဲ့လုပ်ဆောင်ချက်တွေကိုလည်း ထိခိုက်စေပါတယ်။

ခုခံအားကိုချိုးနှိမ်ထားတဲ့ဆေးဝါးတွေ သုံးစွဲရခြင်းကြောင့်လည်း ကင်ဆာရောဂါဖြစ်နိုင်ပါတယ်။ ခန္ဓာကိုယ်တွင်းအင်္ဂါအစားထိုးထားရသူတွေအနေနဲ့ အစားထိုးထားတဲ့ကိုယ်တွင်းအင်္ဂါကို ခန္ဓာကိုယ်က ဖယ်မထုတ်နိုင်အောင် ခုခံအားကိုချိုးနှိမ်ပေးတဲ့ဆေးဝါးတွေ သောက်သုံးရပါတယ်။ ခန္ဓာကိုယ်ရဲ့ခုခံအားစနစ်ကိုချထားတာကြောင့် ကင်ဆာရောဂါဖြစ်စေနိုင်တဲ့ဆဲလ်တွေကို မဖျက်ဆီးနိုင်တာကြောင့် သူတို့မှာ ကင်ဆာဖြစ်နိုင်ခြေ မြင့်မားစေပါတယ်။ ကိုယ်တွင်းအင်္ဂါအစားထိုးထားရသူတွေအနေနဲ့ သွေးကင်ဆာ၊ အဆုတ်ကင်ဆာ၊ ကျောက်ကပ်နဲ့၊ အသည်းကင်ဆာရောဂါဖြစ်ပွားနိုင်ခြေမြင့်မားပါတယ်။

အမျိုးသမီးတွေရဲ့မဟော်မုန်းဖြစ်တဲ့ အီစတြိုဂျင်ဟော်မုန်းက ကင်ဆာဖြစ်စေနိုင်ပါတယ်။ အမျိုးသမီးတွေ၊ သွေးဆုံးလက္ခဏာတွေသက်သာစေဖို့ အီစတြိုဂျင်ဟော်မုန်းသောက်သုံးတာက ရင်သားကင်ဆာရောဂါဖြစ်ပွားနိုင်ခြေကိုမြင့်မားစေပါတယ်။ အမျိုးသမီးတွေအနေနဲ့ အဆိုပါဟော်မုန်းတွေကို အချိန်ကြာကြာနဲ့ ပမာဏများများသောက်သုံးရတာကြောင့် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေ ပိုမိုမြင့်တက်စေနိုင်ပါတယ်။

လိင်ဆက်ဆံရာကနေ Human papillomavirus (HPV) ကူးစက်ခံရရင် အမျိုးသားရော၊ အမျိုးသမီးပါ လိင်အင်္ဂါကြွက်နို့ဖြစ်စေတယ်။ အမျိုးသမီးတွေမှာ သားအိမ်ခေါင်းကင်ဆာဖြစ်စေပါတယ်။ ဒ့ါပြင် HPV ကြောင့် ခံတွင်းကင်ဆာနဲ့ လည်ချောင်းကင်ဆာတွေလည်း ဖြစ်နိုင်ခြေများပါတယ်။ အကောင်းဆုံးက အမျိုးသမီးတိုင်း သားအိမ်ခေါင်းခြွဲကိုမြေးစစ်ဆေးကာ HPV ဒါမှမဟုတ် ကင်ဆာရောဂါမရှိရင် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှစ်ကြိမ်ကို တစ်လခြားပြီး ထိုးနှံထားသင့်ပါတယ်။

ဆေးလိပ်နဲ့ကွမ်းယာမှာ နီကိုတင်းအခြေခံဆေးရွက်ကြီးပါဝင်တာကြောင့် လူကိုစွဲလမ်းစေတယ်။ ကွမ်းယာမှာပါတဲ့ ထုံး၊ ဆေးရွက်ကြီးတွေကြောင့် ပါးစောင်ကင်ဆာ၊ လျှာကင်ဆာ၊ ခံတွင်းကင်ဆာ၊ အစာရေမျိုပြွန်ကင်ဆာဖြစ်နိုင်ပါတယ်။ ဆေးလိပ်ကို အီး-စီးကရက်နဲ့မဖြတ်သင့်ပါဘူး။ အီး-စီးကရက်မှာ နီကိုတင်းထည့်ထားပြီး လိုချင်တဲ့ရနံ့၊ ဓာတုပစ္စည်းပါဝင်တာကြောင့် ဆေးလိပ်လိုဆိုးရွားစေပါတယ်။ အစာရေမျိုပြွန်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာဖြစ်စေနိုင်လို့ ဆေးလိပ်၊ ကွမ်းယာနဲ့ အီး-စီးကရက်တို့ ဖြတ်သင့်ပါတယ်။

အရက်က လူကိုစွဲလမ်းစေပါတယ်။ အရက်ကြောင့် အသည်းအဆီဖုံးရောဂါ၊ အသည်းရောင်ခြင်း၊ နာတာရှည်အသည်းရောင်ခြင်း၊ အသည်းမှာအမာရွတ်စွဲထင်ခြင်း၊ အသည်းကြွပ်ဆတ်နာ၊ အသည်းကင်ဆာ၊ အစာအိမ်ကင်ဆာတို့ဖြစ်စေနိုင်လို့ အရက်ဖြတ်သင့်ပါတယ်။

လူတိုင်း နေ့စဉ်နာရီဝက်ကနေ တစ်နာရီအားကစားတစ်ခုခု ပြုလုပ်သင့်ပါတယ်။ (ဥပမာ-အပြေး၊ ရွရွပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်ပါတယ်။) လေ့ကျင့်ခန်းပြုလုပ်ရင် နေ့စဉ်စားသုံးနေတဲ့ ကယ်လိုရီတွေ အဆီအဖြစ်မစုဝေးစေဘဲ ချွေးအဖြစ်စွန့်ထုတ်ပစ်လို့ အဝလွန်ခြင်းကင်းဝေးနိုင်ပါတယ်။ ။

**ဒေါက်တာလွင်သန့်**

---

**ရန်ကုန်၊ ခရီးသွား**

## ရွှေတိဂုံစေတီတော်သို့ လေးလတာကာလအတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ၂၆၀၀၀ ကျော် လာရောက်ဖူးမြော်

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လနှင့်ဧပြီလ လေးလတာကာလအတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ၂၆၀၀၀ ကျော် လာရောက်ဖူးမြော်ခဲ့ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကထိန်းဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါ လေးလတာကာလအတွင်း ရွှေတိဂုံစေတီတော်သို့ နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှုအနေဖြင့် ဇန်နဝါရီလက ၆၈၃၀ ဦး၊ ဖေဖော်ဝါရီလက ၇၄၇၄ ဦး၊ မတ်လက ၇၂၀၆ ဦး၊ ဧပြီလက ၄၅၅၇ ဦး စုစုပေါင်း ၂၆၀၆၇ ဦးရှိကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်သို့ နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုအနေဖြင့် တစ်ရက်လျှင် ၁၅၀ ဝန်းကျင်ရှိပြီး မှတ်တမ်းများအရ အများပြည်သူရုံးပိတ်ရက်များတွင် ဝင်ရောက်မှုပိုများကြောင်း၊ အဆိုပါ လေးလတာကာလအတွင်း လအလိုက် နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုအများဆုံးရက်များမှာ ဇန်နဝါရီလ ၂၇ ရက်က ၄၉၈ ဦး၊ ဖေဖော်ဝါရီလ ၁၀ ရက်က ၅၆၉ ဦး၊ မတ်လ ၃၀ ရက်က ၄၁၂ ဦး၊ ဧပြီလ ၂၇ ရက်က ၃၀၉ ဦး ဝင်ရောက်မှုရှိခဲ့ပြီး တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အများဆုံးလာရောက်ကြကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်ဂေါပကထိန်းဂေါပကအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလများတွင် စေတီတော်အား ဖူးမြော်ခွင့်ခေတ္တပိတ်ထားခဲ့ရာမှ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ အဆင်ပြေစေရန် ၂၀၂၁ ခုနှစ် ဧပြီလ ၁၇ ရက်မှစတင်ကာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပဘုရားဖူးများ နံနက်အစောပိုင်း လာရောက်ဖူးမြော်မှုများပြားသည့်အတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၃၀ ရက်တွင် ဘုရားဖူးမြော်ချိန်ကို နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ သတ်မှတ်ခွင့်ပြုပေးခဲ့ပြီး နိုဝင်ဘာလ ၂၇ ရက်မှစတင်ကာ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များနှင့် အခါကြီးရက်ကြီးများတွင် နံနက် ၅ နာရီမှ ည ၇ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ရပ်နီးရပ်ဝေးမှ ဘုရားဖူးများ ပိုမိုအဆင်ပြေစေရန် ၂၀၂၂ ခုနှစ် မတ်လ ၂၆ ရက်မှစ၍ နံနက် ၅ နာရီမှ ည ၈ နာရီအထိ အချိန်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်စေရန် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ နံနက် ၅ နာရီမှ ည ၉ နာရီအထိ ဘုရားဖူးမြော်ချိန်ကို တိုးမြှင့်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**ဝန်းရံ့ခ**

မိတ္ထီလာ၊ လူမှုရေး

# မိတ္ထီလာမြို့နယ် အခြေခံပညာနှင့် စက်မှု စိုက်ပျိုး မွေးမြူရေး အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများတက်ရောက်ပညာသင်ကြားနိုင်ရေး အသိပညာပေးဟောပြော



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားနိုင်ရေးအသိပညာ ပေးဟောပြောပွဲကို မေလ ၁၅ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပကြောင်း သိရသည်။

အစည်းအဝေးတွင် နိုင်ငံတော်အနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ထွန်းကားစေရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်းကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၃၄ ကျောင်း စုစုပေါင်း ၈၅ ကျောင်းကို တိုးချဲ့ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း (ဖလံကျင်း)တွင် အခြေခံပညာနှင့် စက်မှု ၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းအဖြစ် ဖွင့်လှစ်ထားကြောင်းနှင့် ဝင်ခွင့်လျှောက်လွှာများကို သက်ဆိုင်ရာတွင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့တွင် အခမဲ့ထုတ်ယူ၍ မေလ ၉ ရက်မှ ၁၉ ရက်အထိ လျှောက်ထားနိုင်ကြောင်း တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

အဆိုပါအသိပညာပေးဟောပြောပွဲကို မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာလင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

(မဝ၂)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန် တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ကမ္ဘာတည်မယ့် ရွှေမေတ္တာ

* အဝေးအနီး၊ တစ်ပြေးတည်းပင်
သွေးစည်းကြင်စိတ်၊ လက်ချင်းချိတ်လို့
အရိပ်တူဖွား၊ အတူစားနေ
သည်မြေအကျိုး တူသယ်ပိုးခဲ့။

* အညာအကြေ၊ ဘာတွေမခွဲ
အမြဲစည်းလုံး၊ စုရုံးဖော်ဆောင်
ပြည်ရွာအောင်ကြောင်း၊ အမှုကောင်းတို့
စုပေါင်းညီညာ အောင်ကြောင်းဖြာခဲ့။

* မရှိအတူ၊ ရှိလျှင်တူမျှ
တကွတူယှဉ်၊ နေ့တိုင်းပင်လေ
စည်ဝေသယ်ပိုး၊ သည်မြေကျိုးကို
မြတ်နိုးထမ်းရွက် လှမ်းရှေ့ဆက်ခဲ့။

* တောင်ပေါ်မြေပြန့်၊ ပြည်အနှံ့တွင်
ရန့်ဝေဖြာ၊ ကြင်နာဆပွား
စဉ်လာများဘိ၊ တို့၏ဘိုးဘွား
အမျိုးသားတို့၊ တိုးပွားရောင်းဝယ်
ကူးလူးသွယ်ကြ အစဉ်လှခဲ့။

* တစ်ရေမြေတည်း၊ သွေမခွဲမို့
လက်သည်းဆိတ်က၊ လက်ထိပ်ကနာ
စဉ်လာတရား၊ တိုင်းတစ်ပါးရန်
တူတွန်းလှန်မြဲ၊ အောင်နိုင်မြဲကား
တို့ဘိုးဘွား၏၊ အမျိုးသားအားမာန်
တစ်ဖန်အသစ် အမှန်ဖြစ်ခဲ့။

* သြော်. . .
ကြာရှည်ထွန်းသစ်၊ ရင်နှစ်သည်းချာ
ပြည်မြန်မာသား၊ သည်မြေဖွားချင်း
သွေးရင်းမကွဲ၊ မယိုင်လဲသည့်
ခိုင်မြဲမေတ္တာ၊ သစ္စာတရား
ဦးထိပ်ထားကာ၊ ဆောင်ပါအောင်ဆု
ပြည်ထောင်စုမြေ၊ အခွန့်ရှည်ရေး
မြော်တွေးရှေ့ဆက်၊ လှမ်းလို့တက်မည်
ထက်မြက်သစ္စာ မြဲခိုင်မာ။
ကမ္ဘာတည်မယ့် ရွှေမေတ္တာ။
ဘယ်သူဖျက်ဖျက် မပျက်ပါ။ ။

**အကျော်ပင်**

နေပြည်တော် မေ ၁၆

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မဟာဗောဓိကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။



မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက သွားရောက်ဖူးမြော်၍ အားပေးစကားလျှောက်ထားစဉ်။

ယင်းသို့ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်မှတာဝန်ရှိသူများက သွားရောက်ဖူးမြော်၍ အားပေးစကားလျှောက်ထားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် မေ ၁၆

# နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားများအား ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများကသွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးရုံဆေးပဒေသာပင်အတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ ဆေးပဒေသာပင်အတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။

တောင်ငူ မေ ၁၆

# တောင်ငူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းက တောင်ငူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေတာရှည်မြို့နယ် ရေနီစက္ကူစက်ရုံ၌ ကောက်ရိုးပျော့ဖတ်စမ်းသပ်ထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်အား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ရေတာရှည်မြို့နယ် မြို့လှမြို့(၁)ရပ်ကွက်ရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် ဦးဇေယျာမင်း၏ Light House ကော်ဖီမှုန့်လုပ်ငန်းအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လာမည့်မိုးရာသီတွင် တိုင်းဒေသကြီးအတွင်း ရိုဘက်စတာ(မြေနိမ့်ကော်ဖီ)အား ဧက ၁၀၀၀ စိုက်ပျိုးသွားမည်ဖြစ်၍ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန် တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကာ ကော်ဖီမှုန့်အပြင် ကော်ဖီနှင့်ပတ်သက်၍ အသေးစားစားသုံးကုန်အမယ်သစ်များ ထပ်မံထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တောင်ငူမြို့နယ် ဇရပ်ကြီးကုန်းကျေးရွာအုပ်စုရှိ ဦးဟန်ထူး၏ ဝါးတူစက်ရုံသို့ သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများများရရှိသည့် လုပ်ငန်းဖြစ်၍ အားပေးလျက်ရှိကြောင်း၊ ဝါးတူထုတ်လုပ်ရာတွင် အသုံးပြုသည့်ဝါးများအား ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် စဉ်ဆက်မပြတ်လုပ်ငန်းများ လည်ပတ်နိုင်မည်ဖြစ်ကာ ဝါးစိုက်ပျိုးခြင်းအား လုပ်ကိုင်နိုင်ရေးစီစဉ်ဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းချိန်အတွင်း လျှပ်စစ်မီးရရှိစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ (၂၀)ရပ်ကွက်ရှိ ဦးစောအယ်ဒို၏ ဒေသကြက်မွေးမြူရေးနှင့် သားပေါက်လုပ်ငန်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး မြန်မာ့တိုင်းရင်းကြက်မျိုးကို မျိုးမြှင့်သားစပ်ဖောက်လုပ်ထား၍အကြီးမြန်ပြီး မွေးမြူရလွယ်ကူကာ စီးပွားဖြစ်မွေးမြူသင့်၍ မြစိမ်းရောင်ကျေးရွာများတွင် စတင်မွေးမြူနိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် မြင်းစာခွက်ကျေးရွာ၌ နွေစပါးစံပြကွက်ကောင်း၊ သင့်၊ ညှံ့ အပိုင်းလိုက်ခွဲ၍ ရိတ်သိမ်းနေမှုအားကြည့်ရှုအားပေးခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှတင်း ၁၃၀ ကျော်ထွက်ရှိခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးအပြင် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးမည့် ဒေသကြက်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

နေပြည်တော် မေ ၁၆

# "မေတ္တာလွှမ်းခြုံ လကဆုန်" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မေလ ၁၇ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် "မေတ္တာလွှမ်းခြုံ လကဆုန်"တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ဝိုင်းလမင်းအောင်၊ ဇော်ထွေးလတ်၊ လွင်အောင်၊ စိုင်းကိုကို၊ ရွှေဖြူ၊ ရဲရင့်ဝေလွင်၊ ဇင်သူသူထွန်း၊ အိအိလှိုင်၊ နှင်းဝတ်ရည်နှင့် ဇင်သူဇာထွန်းတို့က မကြာမီရောက်ရှိတော့မည့် ထူးခြားမွန်မြတ်သည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ကို ပူဇော်သည့် ဓမ္မပူဇာတေးသီချင်းများအပြင် ကဆုန်လ၏သာယာလှပမှုများနှင့် မိုးကြိုကာလ၏ ပုံရိပ်များအား သီကုံးဖွဲ့ဆိုထားသည့် တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မေလ ၁၉ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၂၅ | ၂၇၀၀ | ၂၆၈၀ | ၂၆၃၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၂၅ | ၂၆၈၀ | ၂၈၁၅ | ၂၈၄၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၁၄၅ | ၃၆၀၀ |
| 95 Ron | ၂၇၅၀ | ၂၈၂၅ | ၂၈၀၅ | ၂၇၅၅ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၀ | ၂၈၀၅ | ၂၉၃၅ | ၂၉၆၅ | ၂၈၁၅ | ၂၈၃၀ | ၂၈၆၀ | ၂၈၅၀ | ၂၈၆၅ | ၃၂၇၀ | ၃၇၀၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၄၂၅ | ၂၄၀၀ | ၂၃၅၅ | ၂၄၂၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၀၅ | ၂၅၃၅ | ၂၅၆၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၈၇၀ | ၃၆၅၀ |
| HSD (50 ppm) | ၂၃၉၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |
| HSD (10 ppm) | ၂၃၉၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၈ | ၂၅၇၁ |
| 95 Ron | ၂၆၀၉ | ၂၆၉၅ |
| HSD (500 ppm) | ၂၂၂၀ | ၂၂၉၄ |
| HSD (50 ppm) | ၂၂၆၇ | ၂၃၄၂ |
| HSD (10 ppm) | ၂၂၆၇ | ၂၃၄၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၃၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၃၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပညာရေးဝန်ကြီးဌာန “၂၀၂၄-၂၀၂၅ ပညာသင်နှစ်” မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက်သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များ အတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်း ဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့်ဆေးကုသမှုခံယူနိုင်ရေးကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအားသတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေး ဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

### မေလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်များ

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်သစ် ဒီဂရီဆဲလ်စီးယက် | အမြင့်ဆုံးအပူချိန်စံချိန်သစ် ဒီဂရီဖာရင်ဟိုက် | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း ဒီဂရီဆဲလ်စီးယက် | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း ဒီဂရီဖာရင်ဟိုက် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁။ | ကျောက်ဆည် | ၁၅-၅-၂၀၂၄ | ၄၃.၃ | ၁၀၉.၉ | ၉-၅-၂၀၁၉ | ၄၃.၂ | ၁၀၉.၈ | ၂၅ |
| ၂။ | ဟဲဟိုး | ၁၅-၅-၂၀၂၄ | ၃၇.၈ | ၁၀၀.၀ | ၁၁-၅-၂၀၁၉ | ၃၇.၅ | ၉၉.၅ | ၄၅ |

(မိုး/ဇလ)

**နေပြည်တော် မေ ၁၆**

# ဒီပဲယင်းမြို့၌ ဆွမ်းခံကြွနေသော သံဃာတော် ၁ ပါးကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာများရရှိ

NUG ၊ CRPH အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူအချို့အား အကြောင်းပြချက် အမျိုးမျိုးဖြင့်ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုများ ကျူးလွန်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုကို ညှိုးနွမ်းစေရန် ဘုရား၊ စေတီ၊ ပုထိုးများအား Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ သံဃာတော်များအား လုပ်ကြံသတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည်ကို ပြည်သူများ သိရှိပြီးဖြစ်သည်။

ယခုတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့၊ ကုန်းသာဦးဘုန်းတော်ကြီးကျောင်းမှ ဘဒ္ဒန္တခေမာစာရ၊ သက်တော် (၅၀) နှစ်၊ ဝါတော်(၂)ဝါသည် မေလ ၉ ရက် နံနက် ၇ နာရီခန့်တွင် မြို့အတွင်းသို့ ဆွမ်းခံကြွရောက်စဉ် ချမ်းသာကြီးဘုရားအနီးအရောက်၌ PDF အမည်ခံအကြမ်းဖက်သမား ၅ ဦးက မော်တော်ဆိုင်ကယ် ၃ စီးဖြင့် ရောက်ရှိလာပြီး ဆွမ်းခံကြွနေသည့် ဆရာတော်အား လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့သဖြင့် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ထိုသို့ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီပဲယင်းမြို့၊ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်နေသည့် သံဃာတော်များအား အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

**ဒီပဲယင်းမြို့၌ ဆွမ်းခံကြွရောက်တော်မူသော သံဃာတော် ၁ ပါးအား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သည့်နေရာပြပုံ**



နေပြည်တော် မေ ၁၆

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကျင်းပ



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရဲရွာခန်းမ၌ ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းတို့မှ ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ CPU အဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားများကို ကျင်းပခြင်းအားဖြင့် ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းအားလုံးအနေဖြင့် အဂတိလိုက်စားမှုဖြစ်စေနိုင်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်အနေဖြင့် နစ်နာဆုံးရှုံးမှုများ၊ ဆိုးကျိုးများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြစ်မှုပြစ်ဒဏ်များကိုသိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိပြီး တာဝန်ယူ/တာဝန်ခံမှု ပွင့်လင်းမြင်သာစွာ ကျောသားရင်သားမခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော် တည်ဆောက်နိုင်မှသာ နိုင်ငံတော်အနေဖြင့်လည်း ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအတွင်း အဂတိလိုက်စားမှုများ လျော့နည်းပပျောက်ရေးအတွက် မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်ချက်များ၊ စီမံချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော်စီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက အဂတိလိုက်စားမှုကို လာဘ်ပေးလာဘ်ယူ အဖြစ်သာသိကြပြီး ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ကိုယ်ပိုင်အဖြစ်သုံးစွဲခြင်း၊ မလျော်ဩဇာသုံး၍ မဲဆွယ်လွှမ်းမိုးခြင်း၊ မိမိ မိသားစုနှင့် ဆွေမျိုးကောင်းစားရေးဝါဒ အသုံးပြုခြင်း၊ မိမိနှင့်နီးစပ်အဆင်ပြေသူ ကောင်းစားရေးဝါဒရှိခြင်းတို့သည်လည်း အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုပုံစံအားလုံးသည် နိုင်ငံတော်၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဟောပြောပွဲမှကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အသိအမြင်၊ ဗဟုသုတများရရှိပြီး နိုင်ငံ့တာဝန်ကိုရိုးသားဖြောင့်မတ်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ကြစေလိုကြောင်းနှင့် ထပ်ဆင့်မျှဝေပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း၊ အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏သဘောသဘာဝများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တားဆီးကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ သတင်းတိုင်ကြားစာနှင့်မှတ်တမ်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမော်က တိုင်ကြားစာကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း ခေါင်းဆောင်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၁၆

# မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၏ အမှတ်တရသစ်ပင်စိုက်ပျိုးနေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကြည့်ရှုအားပေး



မြန်မာ- တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip- FAM Trip) တွင် လိုက်ပါလာကြသည့်ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဟိုတယ်လုပ်ငန်းဆိုင်ရာသင်တန်းကျောင်း၌ အမှတ်တရသစ်ပင်များ စိုက်ပျိုးကြရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဟိုတယ်များမှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ- တရုတ်ခရီးသွားမြှင့်တင်ရေးရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်များကို ယခုခရီးစဉ်၏အမှတ်တရအဖြစ် သစ်ပင်စိုက်ပျိုးခြင်းအစီအစဉ် ထည့်သွင်းပေးထားခြင်းဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များ စိုက်ပျိုးထားခဲ့သောအပင်များကို နောင်လာမည့်နှစ်များတွင် လာရောက်ကြည့်ရှုနိုင်ရေးအတွက် ထပ်မံဖိတ်ခေါ်ပေးသွားမည်ဖြစ်ပါကြောင်း၊ အစိမ်းရောင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆောင်ရွက်ရာတွင် အားပေးကူညီပေးစေလိုသည့်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ဆက်လက်သွားရောက်မည့် ခရီးစဉ်များတွင် ပျော်ရွှင်ပါစေကြောင်း ဆုမွန်တောင်းစကား ပြောကြားသည်။

ထို့နောက် (FAM Trip) ၏ ကိုယ်စားပြုသူ ကိုယ်စားလှယ်တစ်ဦးက သစ်ပင်စိုက်ပျိုးစောင့်ရှောက်မှုအတွက် နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌထံသို့ အလှူငွေပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ Sendai မြို့အခြေစိုက် Grape City ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်အဖွဲ့ကို ဝန်ကြီးဌာန၏နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ခေတ်စနစ်နှင့်လျော်ညီသော ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ဗီဒီယိုများ ရိုက်ကူးတည်းဖြတ်ရေးဆိုင်ရာကိစ္စ၊ website နှင့် social media များတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းမွန်သော ခရီးသွားအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် လွှင့်တင်ဖြန့်ဝေရေးဆိုင်ရာကိစ္စ၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ ခရီးစဉ်ဒေသများအလိုက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများနှင့် အစားအစာများ မြှင့်တင်ကြော်ငြာရေးဆိုင်ရာကိစ္စ၊ နိုင်ငံတကာအစည်းအဝေးများတွင် မြန်မာနိုင်ငံကို ဆွဲဆောင်မှုရှိပြီး လည်ပတ်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ခိုင်းနွားမွေးမြူရေးအကြောင်းတစေ့တစောင်း

အာကာမောင်မောင်

မြန်မာနိုင်ငံမှာ လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတွေနဲ့အသက်မွေးဝမ်းကျောင်းပြုတဲ့အရေအတွက်ဟာ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ရှိပါတယ်။ အခုလိုမျိုးစက်မှုလယ်ယာခေတ်သို့မရောက်မီက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေမှာ ကျွဲ၊ နွားတွေနဲ့ပဲ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းခဲ့ကြရတာဖြစ်ပါတယ်။ ကျွဲတွေ၊ နွားတွေဟာလယ်ယာလုပ်ငန်းလုပ်ကိုင်သူတွေအတွက်ကျေးဇူးရှင်တွေဖြစ်သလို ထမင်းစားနေသူတိုင်းအတွက်လည်း ကျေးဇူးရှင်အဖြစ်သတ်မှတ်ခဲ့ကြပါတယ်။ ဒ့ါကြောင့်လည်း မြန်မာနိုင်ငံ ကိုလိုနီခေတ်မှာ လယ်တီဆရာတော်ကြီးရဲ့ အမဲသားမစားရေးတရားတွေဟောကြားပြီး ကျွဲ၊ နွားတွေကိုတန်ဖိုးထားခဲ့ပါတယ်။ ဆရာတော်ကြီးရဲ့ နွားမေတ္တာစာဟာ ဖတ်ရသူတိုင်းက ကျွဲ၊ နွားတွေအပေါ် သနားစိတ်ဝင်ခဲ့ကြပါတယ်။ တောရွာဓလေ့အရ ကျွဲ၊ နွားတွေကို တန်ဖိုးထားခဲ့ကြပါတယ်။

အခုစာရေးသူရေးပြချင်တာက ခိုင်းနွားမွေးမြူရေးအကြောင်းပါ။ ကျွန်တော်တို့အတွက် လှည်းမောင်းတဲ့နေရာတွေမှာ၊ လယ်ယာစိုက်ပျိုးတဲ့နေရာတွေမှာ သုံးနေတဲ့ ခိုင်းနွားတွေကိုမွေးမြူပြုစုပျိုးထောင်ဖို့အတွက် သိသင့်တာလေးတွေပြောပြချင်တာပါ။ **ခိုင်းနွားမွေးမြူမယ်ဆိုရင် မျိုးကောင်းမျိုးသန့်ရှာဖွေမွေးမြူပါ။ အာဟာရညီညွတ်မျှတစွာပါဝင်တဲ့အစားအစာတွေကို လုံလောက်စွာကျွေးမွေးပါ။ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ပါ။ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းတွေ စနစ်တကျဆောင်ရွက်ပါ။ ခိုင်မာတဲ့ဈေးကွက်ရှိပါစေ။ ဒါတွေက ခိုင်းနွားမွေးမြူရေးလုပ်ငန်းအောင်မြင်ဖို့ လုပ်ဆောင်ရမယ့်အချက်အနှစ်ချုပ်ဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာ လက်မှုလယ်ယာကနေစက်မှုလယ်ယာကိုကူးပြောင်းလာတဲ့အခါ ကျွဲ၊ နွားအသုံးပြုမှုလျော့နည်းလာပြီဖြစ်ပါတယ်။ ဒါပေမဲ့ ကျွဲ၊ နွားဈေးကွက်ကတော့ ရှိနေဆဲဖြစ်ပါတယ်။ တချို့ကျေးရွာတွေ တစ်ပတ်တစ်ကြိမ်နွားရောင်းပွဲရှိပါတယ်။ နွားဈေးကွက်ထဲမှာ ဝယ်သူတွေကြိုက်တဲ့နွားကအရောင်းသွက်လှပါတယ်။ ဒ့ါကြောင့် နွားမွေးမြူရေးလုပ်ငန်းတွေဟာရှိနေဦးမှာဖြစ်ပါတယ်။ ခိုင်းနွားမွေးမြူဖို့အတွက် နည်းလမ်းသုံးသွယ်ရှိပါတယ်။ လွှတ်ကျောင်းတဲ့စနစ်၊ ခြံလှောင်တဲ့စနစ်၊ လွှတ်ကျောင်းနဲ့ ခြံလှောင်ပူးတွဲမွေးမြူတဲ့စနစ်တွေဖြစ်ပါတယ်။ အကောင်းဆုံးကတော့လွှတ်ကျောင်းနဲ့ခြံလှောင်စနစ်နှစ်မျိုးလုံးပူးတွဲကျင့်သုံးမွေးမြူတဲ့နည်းဖြစ်မယ်လို့ထင်ပါတယ်။

ခိုင်းနွားတွေမွေးမြူတော့မယ်ဆိုရင်တော့ မြေနေရာရွေးချယ်မှုကလည်းအဓိကကျလှပါတယ်။ ဘယ်လိုမြေနေရာတွေရွေးချယ်သင့်သလဲဆိုရင် ရေဝပ်ရေကြီးခြင်းမရှိနိုင်တဲ့နေရာရွေးချယ်ပါ။ မိုးရေနဲ့အညစ်အကြေးစီးဆင်းမှု လွယ်ကူစေဖို့ဆိုရင် ကုန်းမြင့်တဲ့နေရာကိုရွေးချယ်ပါ။ နွားကောင်ရေများများမွေးမြူမယ်ဆိုရင်တော့ လူနေအိမ်တွေနဲ့ သီးခြားဖြစ်တဲ့နေရာကိုရွေးချယ်ပါ။ ဒါတွေဟာမြေနေရာရွေးချယ်ဖို့အသင့်လျော်ဆုံးနေရာတွေပါပဲ။ လူနေအိမ်နဲ့သီးခြားဖြစ်တဲ့နေရာမျိုးက လူတွေအတွက်ကျန်းမာရေးဆိုင်ရာအနံ့အသက်မဖြစ်တော့သလို နွားတွေအတွက်လည်း ဆိတ်ငြိမ်တဲ့နေရာမို့ ရွေးသင့်တဲ့နေရာလို့ပြောနိုင်ပါတယ်။

မြေနေရာရွေးချယ်ပြီးရင် နွားမွေးမြူရေးမှာအဓိကအချက်တစ်ချက်ဖြစ်တဲ့ အဆောက်အအုံကိစ္စဖြစ်ပါတယ်။ အထက်မှာပြောခဲ့တဲ့ နွားမွေးမြူရေးနည်းလမ်းသုံးသွယ်ထဲက ဘယ်နည်းလမ်းကိုပဲသုံးသုံး အဆောက်အအုံကို ဆောက်လုပ်ပေးရမှာဖြစ်ပါတယ်။ နွားတစ်ကောင်အတွက် အလျား ၇ ပေ၊ အနံ ၄ ပေ၊ အမြင့် ၈ ပေ အကျယ်အဝန်းထားရှိရပါမယ်။ နွားအကောင်ရေများပါက မျက်နှာချင်းဆိုင် ဒါမှမဟုတ် ဖင်ချင်းဆိုင်ထားရပါမယ်။ အလယ်မှာလူသွားရန်အတွက် ၃ ပေခန့်အကျယ်လမ်းထားရှိရပါမယ်။ နွားအဆောက်အအုံ(နွားခြံ)ဟာ နံနက်ခင်းနေရောင်ရရှိဖို့နဲ့ မွန်းလွဲနေမကျစေဖို့ဆောင်ရွက်ပေးထားရပါမယ်။ နံနက်ခင်းနေရောင်ဟာ သက်ရှိသတ္တဝါတွေအတွက် ကျန်းမာရေးကောင်းမွန်စေတဲ့အတွက် နေရောင်ရဖို့ကိုကြိုတင်တွေးမြင်ပြီး တည်ဆောက်ရပါမယ်။ မွန်းလွဲနေဟာအလွန်ပဲပူပြင်းလွန်းတဲ့အတွက် မွန်းလွဲနေမထိုးစေဖို့အတွက်ကိုလည်း လူတွေကစီမံဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီနေရာအပူဒဏ်ကိုကာကွယ်ဖို့ကတော့ သွပ်ပြားတွေမလိုအပ်ပါဘူး။



ကျေးရွာတွေမှာရနိုင်တဲ့သက်ငယ်တွေကိုအသုံးပြုရပါမယ်။ အဆောက်အအုံရဲ့ကြမ်းပြင်ဟာ ချောမွေ့ပြီးအမြဲသန့်ရှင်းနေဖို့လိုပါတယ်။ အဓိကအကျဆုံးအချက်ကတော့ လေကောင်းလေသန့်ရရှိဖို့ပါပဲ။ လေကောင်းလေသန့်ဟာ လူတွေအတွက်သာမကဘဲ တိရစ္ဆာန်တွေမှာလည်း လိုအပ်လှပါတယ်။ ဒ့ါကြောင့် လေကောင်းလေသန့်ရဖို့ကိုလည်း လူတွေကပဲဖန်တီးပေးရမှာပါ။

ခိုင်းနွားမွေးမြူရေးအကြောင်းမို့ ခိုင်းနွားဆိုတာအဓိကအားဖြင့်တော့ နွားထီးတွေမွေးကြတာများပါတယ်။ ခိုင်းနွားအထီးတစ်ကောင်အတွက် ဆန်ဖွဲနု ၅၅ ကျပ်သား၊ နှမ်းဖတ် သို့မဟုတ် ပဲဖတ် ၅၅ ကျပ်သား၊ အလုပ်များတဲ့ရာသီမှာတော့ အစာကြမ်းအခြောက် ငါးပိဿာအထိကျွေးမွေးရပါမယ်။ နွားစာအစိမ်းနဲ့နွားစာအစိုဖြစ်ပါက လေးဆခန့်ကျွေးရမှာဖြစ်လို့ ငါးပိဿာအစား ပိဿာ ၂၀ ကျွေးရပါမယ်။ အစာကိုတစ်နေ့ကို နှစ်ကြိမ်ကျွေးရပါမယ်။ ခိုင်းနွားတွေကို အလုပ်ခိုင်းပြီး တစ်နေ့ဖွဲနုတစ်ပြည်စီကျွေးပါက ကိုယ်အလေးချိန်လျော့နည်းခြင်းမျိုးမဖြစ်တော့ပါဘူး။

အလုပ်နည်းပါးတဲ့ရာသီမှာတော့ နွားတွေကိုလွှတ်ကျောင်းချိန်ရတဲ့အတွက် မြေပဲဖတ် သို့မဟုတ် နှမ်းဖတ် ၂၇ ဒသမ ၅ ကျပ်သား၊ ကောက်ရိုး၊ ပြောင်းရိုးနဲ့နွားစာခြောက် ၃ ဒသမ ၃ ပိဿာတို့ကို အစာလျှော့ကျွေးလို့ရပါတယ်။ ဖွဲနုကျွေးဖို့မလိုပါဘူး။ နွားတွေကိုအစာကျွေးတဲ့အခါမှာ နှမ်းဖတ် ၂၅ ကျပ်သား၊ မြက်ခြောက်၊ ကောက်ရိုး၊ ပဲမှော်လေးပိဿာတို့နဲ့အတူ ဆားတစ်ပိဿာ ရောနှောကျွေးမွေးရပါမယ်။ ဒါတွေကတော့နွားထီးတွေအတွက်တစ်နေ့တာအစာကိစ္စဖြစ်ပါတယ်။

အခုဆက်လက်တင်ပြချင်တာက နွားမကြီးတွေအတွက်ဖြစ်ပါတယ်။ နွားမကြီးစာအတွက် နှမ်းဖတ် ၂၅ ရာခိုင်နှုန်း (တစ်နေ့နို့လေးပိဿာပေးတဲ့နွားမအတွက်)၊ ဖွဲနု ၂၅ ရာခိုင်နှုန်း(အစာသုံးပိဿာနှုန်းကျွေးရန်)၊ ဆန်ကွဲ ၂၃ ရာခိုင်နှုန်း၊ ပဲခွံ ၁၇ ရာခိုင်နှုန်း(စပ်စာမှာဆား သုည ဒသမ ၅ မှ ၁ ရာခိုင်နှုန်းအထိ ထည့်ကျွေးရန်)၊ ပဲဖွဲ(ပဲမှုန့်) ၁၀ ရာခိုင်နှုန်း၊ အစာကြမ်းကို တစ်နေ့ ၁၁ ဒသမ ၁၆ ပိဿာခန့်ကျွေးမွေးရန်နဲ့ ရေအလုံအလောက်ထားရှိပေးရန်ဖြစ်ပါတယ်။ ဒါတွေကတော့ နွားထီးနဲ့ နွားမကြီးတွေအတွက် အစားအစာကျွေးမွေးဖို့ပဲဖြစ်ပါတယ်။ နွားမကြီးတွေဆိုတာ နွားကလေးတွေမွေးဖွားလာဖို့အတွက် အရင်းခံဖြစ်တာကြောင့် မျိုးပွားနေဖို့လည်းလိုအပ်ပါတယ်။ မျိုးပွားဖို့အတွက်ကတော့ သဘာဝသားစပ်နည်းနဲ့လုပ်ဆောင်လို့ရသလို မေထုန်မဲ့နည်းနဲ့လည်း မျိုးစပ်နိုင်ပါတယ်။

နွားမတမ်းမတွေ ၁၅ လနဲ့ ၁၈ လအရွယ်ရောက်ချိန်ဟာ သားစပ်ဖို့အသင့်လျော်ဆုံးအရွယ်ဖြစ်ပါတယ်။ နွားငယ်လေးတွေဟာအသက် ၆ လနဲ့ ၈ လကြားမှာ မိခင်နွားမကြီးကနေ နို့ပြတ်ပါတယ်။ နွားထီးငယ်လေးတွေကို ခိုင်းနွားလုပ်ဖို့အတွက် များသောအားဖြင့် သင်းကွပ်လေ့ရှိပါတယ်။ နွားထီးလေးအသက် ၄ ပတ်မှ ၁၂ ပတ်အတွင်းလုပ်ဆောင်ရပါမယ်။ နွားမတစ်ကောင်၏ ကိုယ်ဝန်လွယ်ထားတဲ့ကာလဟာ ရက်ပေါင်း ၂၈၀ မှ ၂၈၅ ရက်အတွင်းဖြစ်ပါတယ်။ နွားမတွေကို နောက်တစ်ကြိမ်သားစပ်ဖို့ကတော့ ရက်ပေါင်း ၆၀ ခန့်အကြာဖြစ်ပါတယ်။ လူတွေအနေနဲ့သတိပြုသင့်တဲ့အချက်ကတော့ နွားမကြီးတွေ သားပေါက်ဖို့ရက်ပေါင်း ၆၀ ရောက်နေပြီဆိုရင် နွားမအား နို့မညှစ်သင့်တော့ပါဘူး။

တိရစ္ဆာန်ဆိုတာ လူတွေက ဂရုစိုက်မှုကောင်းလေလေ အောင်မြင်ဖြစ်ထွန်းမှုများလေလေဖြစ်ပါတယ်။ လူတွေရဲ့ဂရုတစိုက်ရှိမှုဟာအများကြီးလိုအပ်ပါတယ်။ နွားမတွေသားမွေးဖို့တစ်ပတ်အလိုခန့်ကစပြီး သန့်ရှင်းခြောက်သွေ့တဲ့အခန်းမှာသီးခြားထားရပါမယ်။ အစာနုကိုလျှော့ကျွေးရပါမယ်။ မွေးဖွားခါနီးနွားမတွေမှာ အစာစားလိုစိတ်နည်းသွားခြင်း၊ လှုံလိုက်၊ ထိလိုက်ဂနာမငြိမ်ဖြစ်ခြင်း၊ အချွဲများကျဆင်းခြင်း၊ နို့အုံတွင် နို့များပြည့်လာခြင်း၊ တင်းလာခြင်း၊ မကြာခဏအော်ခြင်း၊ ညှစ်ခြင်းစတဲ့လက္ခဏာတွေ တွေ့မြင်ရပါမယ်။ ဒါဟာနွားတွေရဲ့သဘောသဘာဝပါပဲ။

နွားကလေးမွေးလာပြီဆိုရင်လည်း လူတွေရဲ့ပြုစုစောင့်ရှောက်မှုဟာ ကောင်းမွန်နေရပါမယ်။ နွားငယ်လေးရဲ့ပါးစပ်၊ နှာခေါင်းတို့မှာရှိတဲ့အချွဲတွေဖယ်ရှားပေးရပါမယ်။ အသက်မရှူနိုင်ဘူးဆိုရင် ပါးစပ်အတွင်းကို လေမှုတ်သွင်းပေးရပါမယ်။ ချက်ကြိုးအလွန်ရှည်နေရင် အရက်ပြန်စိမ်ထားတဲ့ကြိုးနဲ့ ချက်ကြိုးအရင်းမှ သုံးလက်မခန့်ခွာပြီး ချည်ပြီးဖြတ်ပေးရပါမယ်။ ပြီးရင် တင်ချာ၊ အိုင်အိုဒင်းသုတ်ပေးရပါမယ်။ အကယ်၍ နွားမဟာ ရေမြွှာပေါက်ပြီး သားမမွေးနိုင်ဘူးဖြစ်နေရင်၊ သားမွေးပြီး ၂၄ နာရီကျော်တဲ့အထိ အချင်းမကျသေးဘူးဆိုရင် ဘာလုပ်ကြမလဲ။ ဘာမှထွေထွေထူးထူးမလုပ်လိုက်ပါနဲ့။ တိရစ္ဆာန်ဆေးကုဆရာဝန်ရဲ့ အကူအညီတောင်းခံလိုက်ပါ။ တိရစ္ဆာန်ဆေးကုဆရာဝန်ဆိုတာ နိုင်ငံတော်အစိုးရက စနစ်တကျလေ့ကျင့်သင်ကြားပေးထားပြီး တိရစ္ဆာန်နဲ့ပတ်သက်ရင်နားလည်တတ်ကျွမ်းသူတွေဖြစ်ပါတယ်။

နွားငယ်လေးတွေ လောကထဲရောက်လာပါပြီ။ မွေးမြူသူတွေအနေနဲ့ ဘယ်လိုမွေးမြူစောင့်ရှောက်ကြမလဲ။ ဒါလည်းလိုအပ်ချက်တွေပါပဲ။ ဒီအတိုင်းပစ်စလက်ခတ်မွေးမြူလို့မရပါဘူး။ နွားလေးမွေးပြီး ၇၂ နာရီအတွင်း နို့ဦးရည်ကိုသောက်စေပါမယ်။ နွားကလေးရဲ့ကိုယ်အလေးချိန် ၁၀ ပိဿာမှာ နို့တစ်ပိဿာနှုန်းတိုက်ကျွေးရပါမယ်။ အသက်နှစ်လကျော်တဲ့အခါမှာတော့ ဖွဲနု ၃၄ ရာခိုင်နှုန်း၊ နှမ်းဖတ်၊ ပဲဖတ်မှုန့် ၃၀ ရာခိုင်နှုန်း၊ ဆန်ကွဲ သို့မဟုတ် ပြောင်းမှုန့် ၃၀ ရာခိုင်နှုန်း၊ ၁ ရာခိုင်နှုန်း၊ ခရုမှုန့် ၅ ရာခိုင်နှုန်း၊ အစာနုစပ်၍ နံနက် ၂၅ ကျပ်သား၊ ည ၂၅ ကျပ်သားကျွေးမွေးပေးရပါမယ်။ အဲဒီအချိန်မှာ နို့တစ်ဝက်လျှော့တိုက်လို့ရပါပြီ။ နွားငယ်တွေကို တစ်နေ့ကို မြက်စိမ်း ၂၅ ကျပ်သားခန့်ကျွေးမွေးနိုင်ပါပြီ။ ဒါတွေကတော့နွားငယ်လေးတွေကိုမွေးမြူစောင့်ရှောက်ဖို့အတွက် အချက်အလက်တွေဖြစ်ပါတယ်။

ဒါတွေကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဖြန့်ဝေပေးထားတဲ့ ခိုင်းနွားမွေးမြူရေးအကြောင်းကို မြေပြင်မှာလက်တွေ့လုပ်ဆောင်နေသူတွေအတွက် မသိသေးသူတွေသိရှိစေဖို့ သိပြီးသားသူတွေအတွက်ပိုမိုမှတ်မိစေဖို့ရေးသားတင်ပြလိုက်တာဖြစ်ပါတယ်။ တောင်သူလယ်သမားဦးကြီးများနဲ့ ခိုင်းနွားမွေးမြူသူတွေအားလုံးလုပ်ငန်းများပိုမိုတိုးတက်အောင်မြင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ။

# မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**မြန်မာအမျိုးသားလေကြောင်းဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ**
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊**
**၅၃ / ၂၀၂၄ )**

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
( ၂၀၂၄ ခုနှစ်၊ မေလ ၁၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ မြန်မာအမျိုးသားလေကြောင်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)တွင်ပါရှိသော **"ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေး ဝန်ကြီးဌာန"** ဆိုသည့်စကားရပ်ကို **"ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာအမျိုးသားလေကြောင်းဥပဒေ အခန်း ၄ တွင် -

(က) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -
**"မြန်မာအမျိုးသားလေကြောင်း၏လုပ်ငန်းအမျိုးအစားများနှင့်ဆောင်ရွက်နိုင်သည့် နည်းလမ်းများ"**

(ခ) ပုဒ်မ ၇ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်းအစားထိုးရမည် -
"(ဆ) **ပြည်တွင်းပြည်ပမှ လေယာဉ်နှင့်လေယာဉ်၏ ဆက်စပ်ပစ္စည်းများ**ဝယ်ယူခြင်း၊ အငှားဝယ်စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ **ငှားရမ်းလုပ်ကိုင်ခြင်း**၊ ရောင်းချခြင်း၊"

(ဂ) ပုဒ်မ ၇ ပုဒ်မခွဲ (ဎ) ကို ပယ်ဖျက်ရမည်။

(ဃ) **မူလပုဒ်မခွဲ (ဏ) နှင့် (တ) တို့ကို ပုဒ်မခွဲ (ဎ) နှင့် (ဏ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။**

(င) ပုဒ်မ ၇ ၏ နောက်တွင် ပုဒ်မ ၈ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"၈။ မြန်မာအမျိုးသားလေကြောင်းသည် မြန်မာအမျိုးသားလေကြောင်း၏ မတည်ငွေများနှင့် အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သောကော်ပိုရေးရှင်းအဖြစ်လည်းကောင်း၊ ကုမ္ပဏီအဖြစ်လည်းကောင်း ဖွဲ့စည်းတည်ထောင်ပြီး မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ ကုမ္ပဏီ၏အများစုအစုရှယ်ယာသည် နိုင်ငံတော်ပိုင်အစုရှယ်ယာဖြစ်ရမည်။"

၄။ မြန်မာအမျိုးသားလေကြောင်းဥပဒေ မူလပုဒ်မ ၈ ကို ပုဒ်မ ၉ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ ပြန်လည်အမှတ်စဉ်ထားသော ပုဒ်မ ၉ ၏ နောက်တွင် ပုဒ်မ ၁၀ အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-
"၁၀။ စီမံခန့်ခွဲရေးအဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်သည်ဟု မှတ်ယူရမည်။"

၆။ မြန်မာအမျိုးသားလေကြောင်းဥပဒေပုဒ်မ ၁၄ ကို ပယ်ဖျက်ရမည်။

၇။ မြန်မာအမျိုးသားလေကြောင်းဥပဒေ ပုဒ်မ ၁၇ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် -
"(က) မြန်မာအမျိုးသားလေကြောင်းသည် ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာန၏ ကြိုတင်သဘောတူညီချက်ဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များရယူခြင်း၊"

(ခ) ပုဒ်မခွဲ (ဍ) ၏နောက်တွင် ပုဒ်မခွဲ (ဎ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -
"(ဎ) ပြည်တွင်းပြည်ပမှ **လေယာဉ်နှင့်လေယာဉ်၏ ဆက်စပ်ပစ္စည်းများ** ဝယ်ယူခြင်း၊ အငှားဝယ်စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ **ငှားရမ်းလုပ်ကိုင်ခြင်း**၊ ရောင်းချခြင်း၊"

၈။ မြန်မာအမျိုးသားလေကြောင်းဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -
"(ဂ) မြန်မာအမျိုးသားလေကြောင်း၏ အကျိုးစီးပွားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ထိခိုက်နစ်နာစေပါက၊ ကျူးလွန်သည့် ဝန်ထမ်းအား မြန်မာအမျိုးသားလေကြောင်း၏ ဝန်ထမ်းလက်စွဲနှင့်အညီ အရေးယူအပြစ်ပေးနိုင်သည့်အပြင် ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုနိုင်သည်။"

၉။ မြန်မာအမျိုးသားလေကြောင်းဥပဒေပုဒ်မ ၂၃ ကို ပယ်ဖျက်ရမည်။

၁၀။ မြန်မာအမျိုးသားလေကြောင်းဥပဒေ မူလပုဒ်မ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ နှင့် ၂၂ တို့ကို ပုဒ်မ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂ နှင့် ၂၃ တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

နေပြည်တော် မေ ၁၆

## မြန်မာ-အိန္ဒိယ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ




မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာနယ်ပယ်များ၊ ပူးတွဲစီမံချက်များနှင့်ပူးတွဲလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးဆွေးနွေးရန်၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများစီစဉ်ရန်နှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာပူးတွဲသုတေသနစီမံကိန်းများချမှတ်နိုင်ရေး ဆွေးနွေးရန် ရည်ရွယ်၍ မြန်မာ-အိန္ဒိယ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကို မေလ ၁၆ ရက်မှ ၁၇ ရက်အထိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံးအမှတ် (၂၁) နေပြည်တော်၌ ကျင်းပလျက်ရှိသည်။

အစည်းအဝေးကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးနှင့် အိန္ဒိယသမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Dr. Praveen Kumar Somasundaram တို့က ပူးတွဲသဘာပတိအဖြစ်ကြီးမှူး၍ မြန်မာ-အိန္ဒိယ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အိန္ဒိယသိပ္ပံနှင့်နည်းပညာဦးစီးဌာနမှကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးကိုယ်စားလှယ်နှင့် နေပြည်တော်ရှိ အိန္ဒိယဆက်ဆံရေးရုံး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြန်ပြည့်မြဲစွမ်းအင်သုတေသန၊ လျှပ်စစ်သုံးယာဉ်ဘက်ထရီဆိုင်ရာသတ္တုနှင့်ဒြပ်ပစ္စည်းများ သုတေသနများ၊ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာသုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ၊ Geospatial Technology၊ မောင်းသူမဲ့လေကြောင်းစနစ်၊ ဇီဝနည်းပညာအပါအဝင် အစားအသောက်ဆေးဝါးနှင့် စိုက်ပျိုးရေး၊ နာနိုနည်းပညာ၊ Blockchain၊ စက်ရုပ်နှင့် AI Virtual Reality နှင့် Augmented Reality (3D ပုံရိပ်ဖော်နည်းပညာများ) ဆိုင်ရာသုတေသနလုပ်ငန်းများ၊ အစိမ်းရောင်နည်းပညာများ၊ Smart University နည်းပညာများအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ပူးတွဲစီမံချက်များ ပူးတွဲအလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများနှင့်သင်တန်းများစီစဉ်နိုင်ရေး၊ သိပ္ပံနှင့်နည်းပညာ မဟာဗျူဟာစီမံကိန်းအတွက် လေ့လာဆန်းစစ်ခြင်းတို့အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအမံများ ညှိနှိုင်းရေးဆွဲချမှတ်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၁၆

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HONGQI EQM5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Qingdao CRRC Sifang Rolling Stock Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



နေပြည်တော် မေ ၁၆

## မိုးထစ်ချုန်းရွာနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင်နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

☆ စာမျက်နှာ ၁၇ မှအဆက်

ကချင်ပြည်နယ်အသင်းတို့အား ကောင်စီဝင် ပိုးရယ်အောင်သိန်းက လည်းကောင်း၊ ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့အား ကောင်စီဝင် ဒေါ်ဒွဲဘူကလည်းကောင်း၊ ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့်



၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့်မန္တလေးတိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။





၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဘော်လီဘော(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကရင်ပြည်နယ်အသင်းနှင့်ရှမ်းပြည်နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။



၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်း အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။



၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

ရှမ်းပြည်နယ်အသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့်ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့အား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ဘော်လီဘောအားကစားသမားများ ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရန်၊ နိုင်ငံ့လက်ရွေးစင်မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဘော်လီဘောအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ မေလ ၇ ရက်မှ ၁၆ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C)ရုံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၂ သင်းတို့ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်းသိရသည်။ (၁၀၀)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကရင်ပြည်နယ်အသင်းနှင့်ရှမ်းပြည်နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှအဆက်

ဦးစွာ ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ(အမျိုးသမီး) ဗိုလ်လုပွဲပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖိအားပေးယှဉ်ပြိုင်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ဘော်လီဘောပြိုင်ပွဲ(အမျိုးသား)ဗိုလ်လုပွဲပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖိအားပေးအကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲဖြင့်အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဘော်လီဘောပြိုင်ပွဲ(အမျိုးသမီး)တွင် အကောင်းဆုံးအားကစားသမားဆုရရှိခဲ့ကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်းတို့ကလည်းကောင်း၊ ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိခဲ့ကြသူများကို ကောင်စီဝင်များဖြစ်ကြသည့် ခွန်စံလွင်၊ ဒေါက်တာဘရွှေ၊ ဒေါက်တာမှုထန်တို့က ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဘော်လီဘော(အမျိုးသမီး) ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်အသင်းနှင့် စာမျက်နှာ ၁၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဖလားပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဘော်လီဘော(အမျိုးသမီး) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူ ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်း ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသူများအား ဂုဏ်ပြုဆုနှင့်ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေ ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသူများအား ဂုဏ်ပြုဆုနှင့်ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ခွန်စံလွင် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသူများအား ဂုဏ်ပြုဆုနှင့်ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရွှေကြိမ်း ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသူများအား ဂုဏ်ပြုဆုနှင့်ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်စဉ်။



၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့်မန္တလေးတိုင်းဒေသကြီး အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။



၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကရင်ပြည်နယ်အသင်းနှင့်ရှမ်းပြည်နယ်အသင်းတို့အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW May 16

# Finals of 2024 inter-state/region (men's and women's) volleyball tournaments and prize-giving ceremony held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing gave away prizes




Senior General Min Aung Hlaing presents cash award to the winning Shan State men's team.




Senior General Min Aung Hlaing presents cash award to the winning Mandalay Region women's team.

Finals of the 2024 inter-state/ region (men's and women's) volleyball tourneys and prize-giving ceremony were held at Wunna Theikdi Indoor Stadium C this morning attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing who also gave prizes.

Present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC members, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, managers, coaches and athletes of regions and states, ministry officials and staff, officials of Myanmar Volleyball Federation, sports enthusiasts.

The women's final match between Yangon Region and Mandalay was held and the two finalists put pressures on one another till the end of the match which ended in 3-0 in Mandalay Region's favour.

At the men's final, Shan State beat Kayin State 3-1 in the tough game.

At the prize-presentation ceremony, Union Minister at SAC Chairman's Office 2 U Ko Ko Hlaing, SAC members U Yan Kyaw and U Shwe Kyein presented cash awards and women's best player awards to the winners, and SAC members U Khun San Lwin, Dr Ba Shwe and Dr Hmu Htan, cash awards and men's best player awards to the winners.

SAC member U Poe Reh Aung Thein presented joint third prize and cash awards to Shan State and Kachin State women' teams, Daw Dwe Bu, joint third prize and cash awards to Mandalay Region and Union Territory Nay Pyi Taw men' teams, and SAC

See Page - 21 ●●



A women's volleyball match in progress.

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

FISHERY

# Natyaygan fishing camp to release more than 300,000 fingerlings into natural water in 2024-2025 FY

Natyaygan fishing camp will release more than 310,000 fingerlings with 20 inches long size into the natural water in 2024-2025 financial year for ensuring sustainability of fish resources in Mandalay Region.

Fishing camps in Mandalay Region have to release fingerlings into the natural water on their quota. Natyaygan camp will release 310,000 fingerlings with Shwewah rohu, sturgeon and barbus fish species, said Daw San San Oo, assistant director of the fishing camp.

"Fishing camps in the region have to release fingerlings into the water this financial year. Of them, Natyaygan camp will release 310,000 fingerlings into rivers, creeks, lakes, dams and natural water areas. It aims to increase fish resources in the natural areas for local farmers and ensure sustainability of fish resources," she explained.

In this regard, Nayyaygan camp set a plan to release 310,000 fingerlings this financial year.

Three fishing camps in Mandalay Region such as Thayetgon, Natyaygan and Yenatha camps release fingerlings into the natural water on a yearly basis in cooperation with partner organizations.

**SK**

AGRICULTURE

# Farmers harvest more than 12,000 acres of wheat in Monywa District

After harvesting, wheat plantations yielded 20.74 baskets per acre.

Daw San San Myint, Head of Monywa District Agriculture Department, said that local farmers have harvested all acres of wheat in the district. Of them, ChaungU Township planted the largest sown acreage of wheat.

In the district, Monywa Township grew 197 acres of wheat, Budalin Township 440 acres, Ayadaw Township 22 acres and ChaungU Township 11,983 acres.

Local farmers planted 12,642 acres of wheat from October to December 2023 against the target of12,950 acres in the district in 2023-2024 financial year.

Relevant Agriculture Departments provide agricultural techniques on systematic use of urea fertilizers, pesticides and use of GAP system for cultivation of wheat plantations. Local farmers cost around Ks-300,000 per acre of growing wheat.

Wheat is grown in Mawlaik, Tamu, Kalay, Khamti, Monywa, Yinmabin, Shwebo, Kanbalu, Sagaing and Katha districts as wellas Naga Self-Administered Zone. Of them, largest sown acreage is placed under wheat in Sagaing and Monywa districts.

**SMK**

AGRICULTURE

# Myinmu Township completes harvesting of kitchen crops

The statistics of Sagaing District Agriculture Department stated that a total of 1,683 acres of kitchen crops has been harvested in Myinmu Township of Sagaing Region.

Local farmers have so far started harvesting of kitchen crops from February 2024.

"Local farmers planted 1,683 acres of kitchen crops last winter. Our department renders agricultural techniques to local farmers and urges them to use GAP system and prevent pests," said Daw Thida Lwin, Head of Sagaing District Agriculture Department.

In the township, dried chilli yielded 280 viss per acre from 168 acres, fresh chilli 878 viss per acre from 170 acres, 4,330 viss of onion per acre from 1,082 acres, 2,560 viss of garlic per acre from 58 acres, and 4,717 viss of potato from 205 acres.

In 2023-2024 financial year, Myinmu Township earmarked cultivation of 2,097 acres of kitchen crops. Local farmers planted 1,683 acres of kitchen crops in 2023.

Staff members of the Township Agriculture Department provide assistance for local farmers to have knowledge of agricultural techniques, prevention of pest and improvement of fertile soil.

**SK**

RUSSIA

# 90 percent of payments between Russia and China made in rubles and yuan as trade grows

As part of the highly anticipated state visit of Russian President Vladimir Putin to China, the leaders of the two countries discussed an array of pressing bilateral and global issues, including the unprecedented high level of trade between the nations.

About 90 percent of all payments between Russia and China are made in rubles and yuan, and the joint decision to convert bilateral settlements into national currencies was well-timed and gave impetus to the expansion of trade flows, President Vladimir Putin said.

"Over the past five years, despite the effects of the pandemic and despite some actions aimed at curbing our [Russia and China's] development, some actions coming from third parties, the trade between Russia and China is growing and increasing at a steady rate. There's an impressive portfolio that includes 80 major joint investment projects across different fields," Vladimir Putin noted during talks with President Xi.

Putin added that it was a timely joint decision "to ensure the transfer of bilateral settlements into national currencies," which has given a powerful boost to enhancing trade flows.

"Today, 90 percent of all payments are made in rubles and yuan. In a private session, we have just discussed the directions in which we will further develop our relations, benefiting both the Russian and Chinese economies. I am sure that all planned measures will be implemented," the Russian leader underlined.

**Sputnik**

CHINA

# China Coast Guard issues warnings to trespassing Philippine vessels

The China Coast Guard on Wednesday issued radio warnings to Philippine ships trespassing into the waters under China's jurisdiction.

On the same day, when answering a foreign media question on Filipino fishing boats heading from the Philippines to the surrounding waters of Huangyan Dao, Chinese Foreign Ministry spokesperson Wang Wenbin said that Huangyan Dao has always been China's territory and China has indisputable sovereignty over Huangyan Dao and its adjacent waters.

China made a goodwill arrangement in 2016 for Filipino fishermen to fish with a small number of small fishing boats in the adjacent waters of Huangyan Dao, while China continues to oversee and monitor relevant activities of the Filipino fishermen in accordance with the law, he added.

If the Philippines abuses China's goodwill and infringes upon China's territorial sovereignty and jurisdiction, China will defend its rights and take countermeasures in accordance with the law, he said, adding that relevant responsibilities and consequences shall be borne solely by the Philippines.

**Xinhua**

INDONESIA

# Indonesia's Ile Lewotolok Volcano erupts, forcing flight to cancel landing



Indonesia's Ile Lewotolok Volcano erupts, forcing flight to cancel landing.

Ile Lewotolok Volcano in Indonesia's East Nusa Tenggara erupted on Thursday, causing a flight to cancel its landing at Wunopito Airport.

A plane of Wings Air on the Kupang-Wunopito Lembata route with 40 passengers was supposed to land at Wunopito Airport at 11 a.m. local time, but the pilot decided to return to the departure airport.

"The pilot saw indications of volcanic ash near the landing strip, so he took the plane back to Kupang, for security reasons," said head of Wunopito Airport Muhammad Syaiful Zuhri.

This is the third time that planes have failed to land at Wunopito Airport due to volcanic ash, added Zuhri. Previously, the same incidents occurred on May 7 and May 14.

The mountain released one earthquake eruption and 102 earthquake gusts since 06.00 a.m. to 12.00 p.m. local time, according to the Ile Lewotolok Volcano Monitoring Post. **Xinhua**

PAKISTAN

# Pakistan successfully test-fires Fatah-II rocket system

The Pakistani army conducted a successful training launch of the Fatah-II guided rocket system with a range of 400 km on Wednesday, the military said in a statement.

The launch was aimed at perfecting the launch drills and procedures, the Inter-Services Public Relations (ISPR), the media wing of the army said in the statement.

"Equipped with the state-of-the-art navigation system, unique trajectory, and maneuverable features, Fatah-II is capable of engaging targets with high precision," the ISPR added.

The rocket system is being inducted in Pakistan's artillery divisions for stand-off, precision engagement of deep targets, the statement said.

Fatah-II will significantly upgrade the reach and lethality of the Pakistan Army's conventional arsenal, it said.

**Xinhua**

RUSSIA

# Russia to integrate drone monitoring system into its Civil Aviation

A new system for monitoring unmanned aerial vehicles in airspace used by civil aviation flights has begun testing in Russia at the Putilovo airfield near St. Petersburg.

It will allow the regulation of flights by all types of aircraft, while ensuring full safety under International Civil Aviation Organisation (ICAO) standards, the general director of Aviatelecominvest LLC Alexander Ignatyev said.

The project is being implemented by Aviatelecominvest LLC, a major developer and manufacturer of digital means of aircraft flight monitoring, Geoscan LLC and DIAM-AERO LLC, as well as the Aeroscript Research Center.

"At Putilovo we have installed an ADS-B 1090 ES automatic dependent surveillance ground station, which receives monitoring data from transponder-equipped aircraft and transmits flight data to the Nebosvod system using the standard Asterix cat21 protocol," Ignatiev said.

"The solutions we are developing are the technological basis for the safe use of UAV both in shared space with manned aircraft and in dedicated environments, such as very low altitude (VLL) and urban aeromobility space," he explained, adding that flights in conjunction with manned small aircraft will take place at the end of May.

Ignatiev noted that "the standard of automatic dependent surveillance ADS-B 1090ES is globally accepted for the monitoring of civil aviation aircraft".

This standard implies that the aircraft independently determines its position in the air by GPS or GLONASS and then sends this data to the ADS-B ground station, using the 1090ES data transmission standard recommended by the ICAO and used throughout civil aviation.

**Sputnik**

●● From Page - 18

member Lt-Gen Yar Pyae, second prizes and cash awards to Yangon Region women's team and Kayin State men's team.

The SAC Joint Secretary presented individual medals to women's first-prize winner Mandalay Region and men's first-prize winner Shan State teams.

The Senior General presented cash awards and championship trophies to Shan State men's team and Mandalay Region women's team and cordially greeted the volleyball players.

The volleyball tournaments were held from 7 to 16 May at Wunna Theikdi Indoor Stadium C with the aim of cementing friendship among players from states and regions, producing new generation national selections, and improving the country's volleyball standard. All together 13 men's teams and 12 women's teams from states and regions took part in the matches. **100**



A woman volleyball player receives award.




The men's final match in progress.



A men's volleyball team receives cash award.



A men's volleyball team receives cash award.



A woman volleyball player receives cash award.



A woman volleyball player receives award.



A woman volleyball player receives cash award.



A women's volleyball match in progress.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ပိုမိုတိုးတက်ကောင်းမွန်လာသည့် ရုရှားနှင့်တရုတ်တို့ကြားဆက်ဆံရေးကို အနီးကပ်စောင့်ကြည့်နေမည့် အမေရိကန်နှင့်အနောက်နိုင်ငံများ

နိုင်အောင်



အခြားနိုင်ငံများ၏ ပိုင်ဆိုင်မှုများကို အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့တို့က မတရားထိန်းချုပ်ခြင်းအပေါ် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်တရုတ်သမ္မတရှီကျင့်ဖျင်တို့က မေလ ၁၆ ရက်တွင် ပြစ်တင်ရှုတ်ချလိုက်ကြောင်းတွေ့ရသည်။ အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အဆိုပါလုပ်ဆောင်ချက်ကို လက်တုံ့ပြန်ခွင့်ရှိကြောင်း ပူတင်နှင့် ရှီတို့က ပူးတွဲထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်၊ ဗြိတိန်တို့အပါအဝင် အနောက်နိုင်ငံများသည် ယူကရိန်းပဋိပက္ခစတင်ချိန်မှစ၍ ရုရှားနိုင်ငံမှပိုင်ဆိုင်သည့် ခန့်မှန်းခြေအားဖြင့် ဒေါ်လာ ၃၀၀ ဘီလီယံခန့်တန်ဖိုးရှိပိုင်ဆိုင်မှုများကို ထိန်းချုပ်ထားသည်။ တစ်နည်းအားဖြင့်ဆိုရပါမူ အဆိုပါ အနောက်နိုင်ငံများသည် နှစ်နှစ်ကျော်ကာလအတွင်းမှာပင် ဤမျှများပြားလှသည့် ရုရှားပိုင် ပိုင်ဆိုင်မှုများကို အလျင်အမြန်ထိန်းချုပ်လိုက်ခြင်းဖြစ်သည်။

အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချို့သည် ရုရှားနိုင်ငံ၏ပိုင်ဆိုင်မှုများကိုထိန်းချုပ်လိုက်ခြင်းအား ထောက်ခံလျက်ရှိပြီး ၎င်းပိုင်ဆိုင်မှု၊ ငွေကြေးများကိုအသုံးချ၍ ယူကရိန်းနိုင်ငံတွင် ကိုယ်စားစစ်ပွဲဆင်နွှဲရန် ဆန္ဒရှိနေသည်။ သို့သော် အဆိုပါနိုင်ငံများက ယူကရိန်းနိုင်ငံ၏ အနာဂတ်ပြန်လည်တည်ဆောက်ရေးဟုအကြောင်းပြထားသည်ကိုတွေ့ရသည်။ သို့သော် ရုရှားနိုင်ငံ၏ပိုင်ဆိုင်မှုများကို ထိန်းချုပ်ခြင်းသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ အသုံးပြုနေသည့် ယူရိုငွေကြေးအပေါ် ဂယက်ရိုက်ခတ်လာနိုင်ခြင်းကြောင့် ပြင်သစ်၊ ဂျာမနီနှင့် အခြားနိုင်ငံအချို့ကမူ သတိထားလုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ဥရောပသမဂ္ဂအနေဖြင့် လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံရေးအငြင်းပွားမှုများတွင် ယူရိုငွေကြေးကို လက်နက်အဖြစ်အသုံးပြုမည်ဆိုပါက အဆိုပါငွေကြေး၏ပုံရိပ်နှင့် ဥရောပသမဂ္ဂအဖွဲ့၏ ရပ်တည်ချက်ကို ထိခိုက်စေနိုင်သောကြောင့် ယူရိုငွေကြေးကို လက်နက်အဖြစ်အသုံးမချသင့်ဟူသော သတိပေးချက်များကို ပြင်သစ်နှင့်ဂျာမနီတို့က ထည့်သွင်းစဉ်းစားခဲ့ဖွယ်ရှိသည်။

ထို့ပြင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယူရိုငွေကြေး၏စွမ်းအားကို အကျိုးရှိစွာအသုံးချရန်လိုအပ်ပြီး ရုရှားနိုင်ငံ၏ ပိုင်ဆိုင်မှုငွေကြေးများကို အဖွဲ့ဝင်နိုင်ငံများက ထိန်းချုပ်ထားခြင်းသည် ယူရိုငွေကြေး၏အရေးပါမှုကို လျော့ပါးစေနိုင်ကြောင်း အီတလီဗဟိုဘဏ်ဥက္ကဋ္ဌ ဖက်ဘီယိုပန်နက်တာက ယခုနှစ်အစောပိုင်းတွင် သတိပေးထားပြီးဖြစ်သည်။

အမေရိကန်နှင့်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ထိန်းချုပ်ထားသည့် ရုရှားပိုင်ဆိုင်မှုများအနက် ဒေါ်လာ ၂၀၀ ဘီလီယံခန့်ကို ဘယ်လ်ဂျီယံအခြေစိုက် Euroclear ဥရောပသမဂ္ဂဘဏ္ဍာရေးအဖွဲ့က ထိန်းချုပ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ဘယ်လ်ဂျီယံအစိုးရသည် Euroclear က ရုရှား၏ပိုင်ဆိုင်မှုများနှင့် ငွေကြေးများအား ထိန်းချုပ်ထားခြင်းမှရရှိနေသည့် အကျိုးအမြတ်များအပေါ် အခွန်ကောက်ခံရန် စီစဉ်လျက်ရှိသည်ကိုတွေ့ရသည်။

ယူကရိန်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပွားချိန်မှစ၍ အမေရိကန်နှင့်ဥရောပသမဂ္ဂအဖွဲ့တို့သည် ရုရှား၏နိုင်ငံတကာကုန်သွယ်မှုကိုချည့်နဲ့စေရေးအတွက် ကုန်သွယ်မှုများပြုလုပ်ရာတွင်ခက်ခဲစေရန် ပိတ်ဆို့မှုများချမှတ်ခဲ့သည်။ သို့သော် ၎င်းပိတ်ဆို့မှုများကို ရုရှားနိုင်ငံက ကျော်လွှားနိုင်ခဲ့သည်ကိုတွေ့ရသည်။ ယင်းမှာအခြားမဟုတ်။ ရုရှားအစိုးရသည် တရုတ်အပါအဝင် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်စွာတိုးမြှင့်နိုင်ခဲ့ပြီး တရုတ်နိုင်ငံအပါအဝင် အခြားကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင်ရုရှားနိုင်ငံသုံး ရူဘယ်၊ တရုတ်နိုင်ငံသုံး ယွမ်ငွေကြေးများကို အသုံးပြုခြင်းဖြစ်သည်။ ယင်းလုပ်ဆောင်ချက်သည် အမေရိကန်နှင့် အနောက်နိုင်ငံများအတွက် ထိုးနှက်ချက်အဖြစ်ထွက်ပေါ်လာခဲ့သည်။

ယူကရိန်းပဋိပက္ခဖြစ်ပွားပြီးချိန်မှစ၍ ရုရှားနှင့်တရုတ်နိုင်ငံတို့ကြား လုပ်ဆောင်ခဲ့သည့် ကုန်သွယ်မှုစုစုပေါင်းအနက် ၉၅ ရာခိုင်နှုန်းနီးပါးကို ရူဘယ် သို့မဟုတ် ယွမ်ငွေကြေးများအား အသုံးပြုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ရုရှားနိုင်ငံသည် စမတ်ပါဝါကို ကောင်းစွာအသုံးချနိုင်ခဲ့ပြီး မိတ်ဖက်နိုင်ငံများ၊ လုပ်ဖော်ကိုင်ဖက်နိုင်ငံများနှင့်ဆက်ဆံရေးကိုလည်း ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်နိုင်ခဲ့သည်။

ရုရှားနိုင်ငံသည် အနောက်နိုင်ငံများ၏ တစ်ဖက်သတ်ပိတ်ဆို့မှုများကို ခံနေရသော်လည်း နိုင်ငံ၏စွမ်းအင်အရင်းအမြစ်များ၏ အားသာချက်များကို ကောင်းစွာအသုံးချနိုင်ခြင်းကြောင့် နိုင်ငံ၏ဂျီဒီပီတိုးတက်မှုသည် ၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်သည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ကြီးက ခန့်မှန်းထားသည်။

ထို့ပြင် ရုရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် အနောက်အင်အားကြီးနိုင်ငံများဖြစ်သည့် ဂျာမနီ၊ ပြင်သစ်နှင့်ဗြိတိန်တို့၏ စီးပွားရေးကိုကျော်တက်၍ ကမ္ဘာ့ပဉ္စမမြောက် အင်အားအကြီးဆုံးနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ခဲ့သည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့က ထုတ်ပြန်သည့် ကြေညာချက်တို့တွင်ဖော်ပြခဲ့သည်။ ရုရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် အဓိကအားဖြင့် နိုင်ငံ၏စွမ်းအင်ကဏ္ဍကို ကောင်းစွာအသုံးချနိုင်ခြင်းနှင့် စမတ်ပါဝါကို ထိရောက်စွာအသုံးပြု၍ မဟာမိတ်နိုင်ငံများနှင့် မိတ်ဖက်ဆက်ဆံမှုများကို ထိန်းသိမ်းထားနိုင်ခြင်းတို့ကြောင့်ဖြစ်သည်ဟုဆိုနိုင်သည်။

အမေရိကန်နှင့် အနောက်အင်အားကြီးနိုင်ငံများသည် ၂၀၂၂ ခုနှစ်တွင် ရုရှားက ယူကရိန်းနိုင်ငံအတွင်း အထူးစစ်ဆင်ရေးတစ်ရပ်ဆင်နွှဲချိန်မှစ၍ ရုရှားအပေါ် ပိတ်ဆို့မှုများချမှတ်ခဲ့သော်လည်း ရုရှားအနေဖြင့် နိုင်ငံ၏စွမ်းအင်ကဏ္ဍကို အကောင်းဆုံးအသုံးချနိုင်ခဲ့သည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ လုပ်ဆောင်ချက်ကို တုံ့ပြန်သည့်အနေဖြင့် နိုင်ငံမှထွက်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို အဆိုပါနိုင်ငံများသို့တင်ပို့ရာတွင် ကန့်သတ်ခဲ့ခြင်းကြောင့် ဥရောပနိုင်ငံများ၌ စွမ်းအင်မလုံလောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံသည် နိုင်ငံအတွင်းမှထွက်ရှိသည့် ရေနံနှင့် စွမ်းအင်အရင်းအမြစ်များကို အဓိကမိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ တူကီယဲနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ တင်ပို့နိုင်ခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံကချမှတ်ဖော်ဆောင်ခဲ့သည့် တန်ပြန်ပိတ်ဆို့မှုများသည် ဗြိတိန်နှင့်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း၌ ငွေကြေးဖောင်းပွမှုများဖြစ်ပေါ်ခဲ့သည်။



ပိုဆိုးသည့်အချက်မှာ ဥရောပနိုင်ငံများ၏ စွမ်းအင်ကဏ္ဍနှင့် စွမ်းအင်ဖူလုံမှုအပေါ် ဆိုးဆိုးရွားရွားထိခိုက်စေခဲ့ပြီး စုစုပေါင်း ဒေါ်လာ ၅၄ ဒသမ ၉ ဘီလီယံ ဆုံးရှုံးစေခဲ့ခြင်းပင်ဖြစ်သည်။

ယခုအခါ ရုရှားနိုင်ငံသည် အဓိကမိတ်ဖက်နိုင်ငံကြီးတစ်နိုင်ငံဖြစ်သည့် တရုတ်နှင့် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ပြီး နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်ကိုတွေ့ရသည်။ တစ်ချိန်တည်းမှာပင် အမေရိကန်နှင့် အနောက်အင်အားကြီးနိုင်ငံများ သို့မဟုတ် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ တစ်ဖက်သတ်လုပ်ဆောင်မှုများကိုပါ လူသိရှင်ကြားထုတ်ဖော်ပြောကြားလာခဲ့ခြင်းကြောင့် ရုရှားနှင့်တရုတ်တို့ကြား တိုးတက်လာသည့် မိတ်ဖက်ဆက်ဆံရေးကို အမေရိကန်နှင့် အပေါင်းအပါနိုင်ငံများက အနီးကပ်စောင့်ကြည့်နေမည့် အလားအလာရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ***Ref: RT, EC***

ပေကျင်း၊ စစ်ရေး

# အာရှ-ပစိဖိတ်ဒေသတွင် စစ်ရေးမဟာမိတ်အဖွဲ့ ဖွဲ့စည်းခြင်းမပြုသင့်ဟု ဗလာဒီမာပူတင်ပြော



အာရှ-ပစိဖိတ်ဒေသတွင် စစ်ရေးမဟာမိတ်အဖွဲ့တည်ရှိနေခြင်းသည် ဒေသတွင်းလုံခြုံရေးဟန်ချက်ညီမှုကို လျော့ပါးစေသောအလားအလာရှိခြင်းကြောင့် ဒေသတွင်း၌ ထိုသို့သော စစ်ရေးမဟာမိတ်အဖွဲ့မျိုး ဖွဲ့စည်းခြင်းမပြုသင့်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က မေလ ၁၆ ရက်တွင် ပြောသည်။

အာရှ-ပစိဖိတ်ဒေသ၌ စစ်ရေးမဟာမိတ်အဖွဲ့များဖွဲ့စည်းရန်ကြိုးပမ်းခြင်းသည် ဒေသတွင်းလုံခြုံရေးအတွက် ဆုံးရှုံးနစ်နာမှုကို သာဖြစ်ပေါ်စေနိုင်ကြောင်း သမ္မတပူတင်က မြို့တော်ပေကျင်း၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်အတူ ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတွင်ပြောခြင်းဖြစ်သည်။

ထို့ပြင် ရုရှားနှင့်တရုတ်နိုင်ငံတို့အနေဖြင့် ပိုမိုတရားမျှတပြီး ဒီမိုကရေစီစံနှုန်းနှင့် ကိုက်ညီသော ကမ္ဘာ့အစီအစဉ်တစ်ရပ်ကို ချမှတ်နိုင်ရေးအတွက် ကြိုးပမ်းနေခြင်းကြောင့် လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒကို နှစ်နိုင်ငံစလုံးက ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း ၎င်းကဆက်ပြောသည်။

ထို့ပြင် ရုရှားနှင့် တရုတ်နိုင်ငံတို့သည် အာရှ-ပစိဖိတ်ဒေသအတွင်း၌ အခွန့်ရှည်တည်တံ့ပြီး ပြည့်စုံလုံလောက်သော လုံခြုံရေးဆိုင်ရာပုံစံကို ထောက်ခံလျက်ရှိရာ ဒေသတွင်း၌ စစ်ရေးနှင့်နိုင်ငံရေးမဟာမိတ်အဖွဲ့များအတွက် နေရာမရှိကြောင်း နေတိုးတပ်ဖွဲ့နှင့် အနောက်နိုင်ငံများက လွှမ်းမိုးထားသော အဖွဲ့အစည်းများအား ရည်ညွှန်းပြောကြားသည်။

အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံတို့သည် ၂၀၂၁ ခုနှစ်တွင် AUKUS ဟု အမည်ပေးထားသည့် သုံးနိုင်ငံလုံခြုံရေးအဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့၏ သဘောတူညီချက်အရ အမေရိကန်နှင့်ဗြိတိန်တို့က ဩစတြေးလျနိုင်ငံသို့ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောနည်းပညာများကို ဝေမျှသွားမည်ဖြစ်သည်။ ထို့ပြင် အမေရိကန်နိုင်ငံသည် အာရှ-ပစိဖိတ်ဒေသတွင်းရှိ ဂျပန်၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ ထိုင်းနိုင်ငံတို့နှင့်လည်း မဟာမိတ်ဖွဲ့စည်းရေးသဘောတူညီချက်များကို သီးခြားဖွဲ့စည်းထားကြောင်း သိရသည်။

***Ref: RT***

ဒူဘိုင်း၊ အပစ်အခတ်ရပ်စဲရေး

# အပစ်အခတ်ရပ်စဲရေးကြိုးပမ်းမှုများကို အစ္စရေးရှောင်လွှဲခဲ့ဟု အီဂျစ်ပြော

အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမက်စ်စစ်သွေးကြွအဖွဲ့နှင့် စစ်မက်ဖြစ်ပွားနေစဉ် အပစ်အခတ်ရပ်စဲရေးကြိုးပမ်းမှုများကို ရှောင်လွှဲခဲ့ကြောင်း အီဂျစ်သမ္မတ အဗ္ဗဒယ် ဖာတာ အယ်လ်ဆီဆီက မေလ ၁၆ ရက်တွင်ပြောသည်။

အစ္စရေးစစ်ဘက်သည် အီဂျစ်နှင့်ဂါဇာကမ်းမြောင်ဒေသကြားရှိ ရာဖာမြို့တွင် စစ်ဆင်ရေးဆင်နွှဲရေးအတွက်သာ ကြိုးပမ်းလျက်ရှိပြီး ယင်းမြို့အား ပိတ်ဆို့နိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော်ရေးလမ်းကြောင်းကိုအသုံးချလျက်ရှိကြောင်း ဆီဆီက ဆက်လက်ပြောကြားသည်။ ရာဖာမြို့ရှိ နယ်စပ်ဖြတ်ကျော်ရေးလမ်းကြောင်း ပိတ်ဆို့ခဲ့ရခြင်းနှင့်စပ်လျဉ်း၍ အစ္စရေးနှင့်အီဂျစ်တို့ကြား အပြန်အလှန်ပြစ်တင်စွပ်စွဲလျက်ရှိသည်။

ရာဖာမြို့ရှိ နယ်စပ်ဖြတ်ကျော်ရေးလမ်းကြောင်းသည် ဂါဇာဒေသအတွင်းသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ စီးဆင်းရာ အဓိကလမ်းကြောင်းတစ်ခုဖြစ်ရာ ယင်းလမ်းကြောင်းအား ပိတ်ပစ်ခဲ့ရခြင်းသည် ဂါဇာကမ်းမြောင်ဒေသ၌ အစားအစာရှားပါးမှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။

ထို့ကြောင့် အစ္စရေးနိုင်ငံသည် ၎င်းတို့၏တာဝန်ဝတ္တရားများဖြည့်ဆည်းပေးရန် ရှောင်ရှားလျက်ရှိသည့်အပြင် ဟားမက်စ်နှင့် အပစ်အခတ်ရပ်စဲရေးကြိုးပမ်းမှုလုပ်ငန်းစဉ်ကိုလည်း ရှောင်လွှဲခဲ့သည်ဟု အီဂျစ်အစိုးရကတွေ့ရှိခဲ့ကြောင်း ဆီဆီက ဆက်လက်ပြောကြားသည်။

***Ref: ST***



နိုင်ရိုဘီ၊ ကျန်းမာရေး

# ကင်ညာတွင် ရေကြီးမှုများဖြစ်ပွားနေစဉ် ကာလဝမ်းရောဂါကူးစက်မှုမြင့်တက်

ကင်ညာနိုင်ငံရှိ ရေကြီးမှုများဖြစ်ပွားနေစဉ်အတွင်း နိုင်ငံအတွင်း၌ ကာလဝမ်းရောဂါဖြစ်ပွားမှုအရေအတွက်မှာ ၁၀၇ မှုအထိ မြင့်တက်လာကြောင်း အစိုးရအဖွဲ့က မေလ ၁၆ ရက်တွင် ထုတ်ပြန်သည်။

နိုင်ငံအတွင်း၌ မိုးသည်းထန်စွာဆက်လက်ရွာသွန်းလျက်ရှိပြီး ခရိုင်အချို့၌ ရေကြီးမှုများဖြစ်ပွားလျက်ရှိရာ ကာလဝမ်းရောဂါအပါအဝင် ရေကြောင့်ကူးစက်တတ်သော ရောဂါဖြစ်ပွားမှုများ မြင့်တက်လာခြင်းဖြစ်ကြောင်း ပြည်ထဲရေးနှင့်အမျိုးသားစီမံအုပ်ချုပ်ရေးအဖွဲ့က အတည်ပြုပြောကြားသည်။ လက်ရှိတွင် ကင်ညာကြက်ခြေနီအဖွဲ့က ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ရောဂါပိုးကူးစက်မှုထိန်းချုပ်ရေးအစီအစဉ်များချမှတ်ဖော်ဆောင်လျက်ရှိကြောင်းသိရသည်။

နိုင်ငံအတွင်း၌ လက်ရှိဖြစ်ပွားနေသည့် ကာလဝမ်းရောဂါကူးစက်မှုသည် အခြားဒေသများသို့ ဆက်လက်ပျံ့နှံ့မည့်အန္တရာယ်ရှိပြီး အစိုးရကလုပ်ဆောင်နေသည့် ရောဂါကူးစက်မှုထိန်းချုပ်ရေးလုပ်ငန်းများကိုပါ လျော့ပါးစေမည့် အလားအလာရှိနေသည်။

နိုင်ငံအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သည့် မတ်လလယ်ခန့်မှစ၍ ကာလဝမ်းရောဂါကူးစက်မှုကြောင့် အနည်းဆုံးလူ ၂၉၁ ဦးသေဆုံးပြီးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၄၀၀၀၀၀ ကျော်မှာ ရေဘေးသင့်လျက်ရှိကြောင်း သိရသည်။ ***Ref: Xinhua***



ဘေရွတ်၊ စစ်ရေး

# ဟစ်ဇဘိုလာပြောက်ကျားအဖွဲ့က အစ္စရေးမြောက်ပိုင်းသို့ ဒုံးကျည်များဖြင့်တိုက်ခိုက်



လက်ဘနွန်နိုင်ငံအရှေ့ပိုင်းသို့ အစ္စရေးကတိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ဟစ်ဇဘိုလာပြောက်ကျားအဖွဲ့က မေလ ၁၆ ရက်တွင် အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း လက်ဘနွန်သတင်းအရင်းအမြစ်များကပြောသည်။

အစ္စရေးစစ်ဘက်သည် ဂိုလန်ကုန်းမြင့်ဒေသနှင့် ဂါလိလဲရှိ ဇာရစ်ဒေသသို့ မေလ ၁၅ ရက် ညပိုင်းက လေကြောင်းမှတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဟစ်ဇဘိုလာပြောက်ကျားအဖွဲ့က ပစ်ခတ်လိုက်သည့် ဒုံးကျည်အများအပြားကို အစ္စရေးလေကြောင်းရန်တပ်ဖွဲ့က အောင်မြင်စွာကြားဖြတ်တားဆီးနိုင်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုအတွင်း ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း အစ္စရေးစစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြသည်။ ယင်းနောက်တွင် အစ္စရေးတပ်များက လက်ဘနွန်တောင်ပိုင်းသို့ ထပ်မံတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

လက်ဘနွန်နှင့်အစ္စရေးတို့ကြား တင်းမာမှုများသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၈ ရက်မှစ၍ မြင့်တက်လာခြင်းဖြစ်ပြီး နှစ်ဖက်အကြား အပြန်အလှန်တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

***Ref:Xinhua***

နေပြည်တော် မေ ၁၆

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Swe Win Oo" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ရှောလီပိုင်းရပ်ကွက်နေ ဆွေဝင်း(ခ)ကိုဆွေ(ခ)ကိုကိုလေးအား မွန်းလွဲ ၁ နာရီခွဲတွင် ပုသိမ်ကြီးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

နေပြည်တော် မေ ၁၆

# မူမှန်ပြက္ခဒိန်ရောင်းချ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များကရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၆-၁၃၈၇ ခုနှစ် ခရစ်သက္ကရာဇ် ၂၀၂၅ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၄ ခုနှစ် ဇွန်လမှစတင်၍ တစ်စောင်လျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) ဖြင့် ရုံးအမှတ်(၃၅) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန(နေပြည်တော်)တွင် ရောင်းချသွားမည်ဖြစ်သည်။

ပြက္ခဒိန်ရိုက်နှိပ်ထုတ်ဝေဖြန့်ချိသူများအနေဖြင့် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ကရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူသုံးစွဲခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသောပြက္ခဒိန်ကိုအများပြည်သူတို့အတွက် ရိုက်နှိပ်ဖြန့်ချိနိုင်မည်ဖြစ်ကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချရငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

နေပြည်တော် မေ ၁၆

# မြင်းခြံမြို့နယ်၊ ရွာရှည်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ပြီး ပြည်သူ ၅ ဦးကိုပါသတ်ဖြတ်ခဲ့ကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ




မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ရွာရှည်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မေလ ၁၄ ရက်နေ့တွင် မီးရှို့ဖျက်ဆီးခဲ့ပြီး ပြည်သူ ၅ ဦးကိုပါ သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်များတွင်ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကိုတွေ့ရှိရပါသည်။

ဖြစ်စဉ်အမှန်မှာ မြင်းခြံမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မေလ ၁၄ ရက်နေ့တွင် ရွာရှည်ကျေးရွာအနီးသို့ရောက်ရှိစဉ် PDF အမည်ခံအကြမ်းဖက်သမားများမှ လက်လုပ်လက်နက်ကြီး၊ လက်လုပ်လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထိရောက်သောတန်ပြန်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သမားများထိခိုက်သေဆုံးမှုများစွာဖြင့် ရွာရှည်ကျေးရွာအတွင်းသို့ ဖရိုဖရဲဖြင့်ဆုတ်ခွာထွက်ပြေးသွားခဲ့ပါသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သမားအလောင်း ၁ လောင်း၊ လက်လုပ်လက်နက်ကြီး ၃ လက်နှင့် လက်နက်ငယ် ၂ လက်တို့ကို သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သမားများနှင့်တိုက်ပွဲဖြစ်ပွားစဉ်တွင် ၎င်းတို့၏ လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ရွာရှည်ကျေးရွာအတွင်းသို့ ကျရောက်ခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်လုပ်ကြံရေးသားထားသည့် သတင်းအမှားများသာဖြစ်ကြောင်း သတင်းရရှိပါသည်။

(၁၀၀)

နေပြည်တော် မေ ၁၆

# လက်ပံတန်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံ ၁ ဦးကိုသတ်ဖြတ်ခဲ့ပြီး ပြည်သူ ၃၀ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ဝါဒဖြန့်ဝေလျက်ရှိ

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ရေငံကျေးရွာတွင် မေလ ၁၅ ရက်နေ့က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေငံကျေးရွာမှ ဒေသခံ ၁ ဦးကို သတ်ဖြတ်ခဲ့ကာ ပြည်သူ ၃၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရပါသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေငံကျေးရွာမှ ဒေသခံ ၁ ဦးကို သတ်ဖြတ်ခြင်းနှင့် ပြည်သူ ၃၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားသည်မှာမှန်ကန်မှုမရှိကြောင်း၊ ၎င်းရက်နေ့တွင် ရေငံကျေးရွာနှင့်အနီးဝန်းကျင်များတွင် အကြမ်းဖက်သမားများနှင့်ထိတွေ့တိုက်ပွဲများဖြစ်ပွားခြင်းမရှိဘဲ မေလ ၁၃ ရက်နေ့က ရေငံကျေးရွာနှင့်ထန်းတောကျေးရွာ ကျေးရွာချင်းဆက်လမ်းပေါ်တွင် အကြမ်းဖက်သမားများမှ မိုင်းထောင်ရန် ဆောင်ရွက်နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြည်သူများထိခိုက်မှုမရှိစေရန်အတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများစွာဖြင့် ထွက်ပြေးသွားခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အကြမ်းဖက်သမားများ မိုင်းထောင်နေသည့်နေရာအား ရှင်းလင်းခဲ့ရာ လက်လုပ်မိုင်း ၃ လုံး၊ ဝိုင်ယာကြိုး ၃ ခွေနှင့် ဘက်ထရီအိုး ၂ လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ထန်းတောကျေးရွာအနီးမှ ပုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေသော အကြမ်းဖက်သမားအလောင်း ၂ လောင်းနှင့်အတူ လက်လုပ်မိုင်းများ၊ ဖောက်ခွဲရေးပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပါသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် တပ်မတော်အပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မြေပြင်အခြေအနေနှင့်လွဲမှားနေသည့် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

(၁၀၀)

နေပြည်တော် မေ ၁၆

# အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တက်ရောက်

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ "ဥတုရာသီဒဏ်တွန်းလှန်နိုင်ရေး ရှေးဦးအရွယ်ကလေးသူငယ်ပညာရေးမှ အခြေချပေး" (Building Climate Resilience from the Start: Early Childhood Education for Sustainable Future) ဟူသော ဦးတည်ချက်ဖြင့် ကျင်းပသည့် ASEAN Ministerial Meeting on Ensuring Equal Access to Quality Early Childhood Development and Care အစည်းအဝေးသို့တက်ရောက်သည်။




ဦးစွာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Phout Simmalavong နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် H.E. Dr. Kao Kim Hourn တို့ကအဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အာဆီယံနိုင်ငံများမှ ပညာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် နိုင်ငံအလိုက် အမှာစကား ပြောကြားကြသည်။

ယင်းအစီအစဉ်တွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဖွံ့ဖြိုးတိုးတက်နေသော ယနေ့ခေတ်ကာလ၌ ကလေးငယ်များ၏ ပညာရေးနှင့် လူမှုရေးသာမက ရုပ်ပိုင်းဆိုင်ရာစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးမှာ အလွန်အရေးပါကြောင်း၊ ကလေးငယ်ဘဝမှ အစပြု၍ ရရှိသည့်အတွေ့အကြုံများသည် ၎င်းတို့၏ဘဝနှင့် ကျင်လည်ရာဝန်းကျင်ကမ္ဘာကြီးကို များစွာအကျိုးဖြစ်ထွန်းနိုင်ပါကြောင်း၊ ထို့ကြောင့်လည်း ယနေ့ကျင်းပသည့်အစည်းအဝေးကြီး၏ Theme ဖြစ်သည့် "ဥတုရာသီဒဏ် တွန်းလှန်နိုင်ရေး ရှေးဦးအရွယ် ကလေးသူငယ် ပညာရေးမှအခြေချပေး" ဆိုသည့်အတိုင်း သဘာဝဘေးအန္တရာယ်များနှင့် ပိုမိုရင်ဆိုင် ကြုံတွေ့လာရသည့်ကမ္ဘာကြီးတွင် အနာဂတ်လူငယ်များ ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ရေး ကလေးသူငယ်အရွယ်မှစ၍ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပညာရေးကဏ္ဍ၌တွေ့ကြုံရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်၊ လူငယ်များ၏ အနာဂတ်အလားအလာများကို အပြည့်အဝဖန်တီးပေးနိုင်ရန် ၂၀၂၃ ခုနှစ်၌ ပညာရေးညီလာခံကျင်းပခဲ့ပါကြောင်း၊ ထိုသို့ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနတို့၏ ကြိုးပမ်းအားထုတ်မှုဖြင့် ရရှိလာသည့်အသီးအပွင့်များမှ သိသာထင်ရှားသောရလဒ်တစ်ခုမှာ ကျောင်းအခြေပြုမူကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ယင်းကျောင်းများ၌လည်း ကျောင်းတက်ရောက်သူဦးရေတိုးမြင့်ခဲ့ပါကြောင်း၊ ကလေးသူငယ်များကို အသက်အရွယ်အလိုက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာများကို မိတ်ဆက်ပေး၍ ရာသီဥတုဒဏ်တွန်းလှန်နိုင်ရေး အဆင့်လိုက်လေ့ကျင့်ပေးရာ၌ ပထမအဆင့်တွင် ပုံပြင်များပြောခြင်း၊ ဆော့ကစားစေခြင်းတို့ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး သဘောတရားများကို ရှင်းပြနိုင်ပါကြောင်း။

ထို့ပြင် ပန်းခြံများ၊ ဥယျာဉ်များသို့ သွားရောက်လည်ပတ်ခြင်း၊ လမ်းလျှောက်ထွက်ခြင်း၊ သစ်ပင်ပန်းပင်များ စိုက်ပျိုးစေခြင်းတို့ဖြင့် မတူညီသောဂေဟစနစ်နှင့် သဘာဝဖြစ်စဉ်များကို ကလေးငယ်များ စူးစမ်းလေ့လာလိုစိတ်ရှိလာစေရန် လေ့ကျင့်မွေးမြူပေးရမည်ဖြစ်ကြောင်း၊ ထို့နောက် တိရစ္ဆာန်၊ အပင်နှင့် လူသားတို့အပေါ် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို သင်ကြားပေးခြင်း၊ တိရစ္ဆာန်များအပေါ် သနားကြင်နာစိတ်ရှိလာစေရေး အားပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု စိတ်ထားမျိုးစေ့ချပေးခြင်း၊ ဆက်လက်၍ အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရာသီဥတုဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်မှုကို ပြသနိုင်ပါကြောင်း၊ အလားတူပင် ပတ်ဝန်းကျင်ဆိုင်ရာ အယူအဆများ ပါဝင်သည့် အသက်အရွယ်အလိုက်သင့်တော်သော စာအုပ်များ၊ ဗီဒီယိုများနှင့် အရင်းအမြစ်များကို ပံ့ပိုးပေးခြင်းတို့ ပြုလုပ်နိုင်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှန်ကန်သောအသိစိတ်ဓာတ်နှင့် ချစ်မြတ်နိုးစိတ်ရှိစေရေးလေ့ကျင့်ပေးခြင်း၊ ဒေသတွင်းနိုင်ငံများအချင်းချင်း အတွေ့အကြုံဗဟုသုတများဖလှယ်ခြင်းတို့ဖြင့် အနာဂတ်၏ ခေါင်းဆောင်များကို ပြုစုပျိုးထောင်ပေးနိုင်ပါကြောင်းပြောကြားသည်။

ယင်းနောက် အာဆီယံလူမှုအသိုက်အဝန်းအတွင်းအရည်အသွေးရှိသည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး ပညာတန်းတူညီမျှ ရရှိရေးဆိုင်ရာ Vientiane သဘောတူညီချက်ကို တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများက အတည်ပြုကြေညာခဲ့သည်။ ဒုတိယဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်းတို့ အစည်းအဝေး တက်ရောက်ခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၁၆

# တောင်ငူ - နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှု ဒုတိယဝန်ကြီး ဦးအောင်မျိုး ကြည့်ရှုစစ်ဆေး




ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးသည် ယနေ့တွင် မြန်မာ့မီးရထားမှအထွေထွေမန်နေဂျာများ ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှုအခြေအနေများကို RBE ရထားဖြင့်လိုက်ပါစီးနင်း၍ စစ်ဆေးပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အမြန်ပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ ရထားလမ်းအတွင်းရှိရမည့် လမ်းခင်းကျောက်ထုအတိုင်း စနစ်တကျဖြည့်တင်း၍ Hand Tamping Machine အပြင် Automatic Leveling, Lining & Tamping Machine (ALLTM)စက်ကြီးများဖြင့် ကျောက်ပါကင်ရိုက်ခြင်းလုပ်ငန်းကို သေချာစွာဆောင်ရွက်ရန်၊ ကွေ့နေရာများတွင် Alignment နှင့် Super Elevations များမှန်ကန်မှုရှိစေရေး စနစ်တကျစစ်ဆေး၍ ပြုပြင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ငူမီးရထားတိုင်းရုံး၌ မြန်မာ့မီးရထားတိုင်းအဆင့် အရာထမ်းများနှင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းအပိုင်း(၁)ဖြစ်သည့် ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းမှ စီမံကိန်းအင်ဂျင်နီယာများကို တွေ့ဆုံ၍ မိမိတိုင်းနယ်မြေအတွင်းရှိ ဘူတာများ၊ ယာဒ်ဝင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး စနစ်တကျဆောင်ရွက်ရန်၊ ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်သွားရန်၊ ခရီးသွားပြည်သူများအား ဝန်ဆောင်မှုပေးရာတွင်လည်း Service Manual များအတိုင်း လိုက်နာဆောင်ရွက်ရန်၊ ဘူတာယာဒ်ဝင်းနှင့် ရထားလမ်းတစ်လျှောက်ရှိ ဌာနပိုင်ပစ္စည်းများ ပျောက်ဆုံး/ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး ရထားရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရန်ကုန် - တောင်ငူရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းမှစီမံကိန်းအင်ဂျင်နီယာများကို မိမိတို့၏အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ရထားလမ်းပိုင်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင်ဆောင်ရွက်သွားရေး၊ အချက်ပြဆက်သွယ်ရေးစနစ်တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း ရထားလမ်းနှင့်အတူ တစ်ပြိုင်တည်းပြီးစီးအောင် ဆောင်ရွက်သွားရေး တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ထားဝယ် မေ ၁၆

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဖွင့်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ကနိုင်းဒါကျေးရွာအုပ်စုအလယ်ကုန်းကျေးရွာ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ဦးစီးမှူး ဒေါ်သာသာရည်က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ထားဝယ်မြို့နယ်အတွင်းရှိ ကနိုင်းဒါကျေးရွာအုပ်စု အလယ်ကုန်းကျေးရွာမှ သင်တန်းသား ၁၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် အဆင့်မြင့်စက်ချုပ်နည်း၊ လုံချည်ချုပ်နည်း၊ ကြယ်သီးဖောက်နည်း၊ ကလေးဘောင်းဘီ၊ ကလေးအင်္ကျီ၊ အမျိုးသမီးဝတ်ရင်ဖုံးအင်္ကျီစသည့် သင်တန်းနှင့် ပတ်သက်သောဘာသာရပ်များကို နည်းပြဆရာများက စာတွေ့လက်တွေ့ဖြင့် မေလ ၁၆ ရက်မှ ဇူလိုင် ၃၁ ရက်အထိ အခမဲ့သင်ကြားပို့ချပေးနေကြောင်း ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှသိရသည်။

**ဇော်မျိုး(မြဝတီ)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၃၀˚ C | / | ၄၁ ·၂˚ C |
| ရန်ကုန် | ၂၆˚ C | / | ၄၀·၅˚ C |
| မန္တလေး | ၃၁˚ C | / | ၄၄·၅˚ C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် မေ ၁၆

# ရမည်းသင်းမြို့နယ်ရှိ သမဝါယမအသင်းသား ဝါစိုက်တောင်သူများနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုး တွေ့ဆုံ



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ထန်းတောနှင့် ကြံပင်ကျေးရွာတို့သို့သွားရောက်ပြီး အသင်းသားတောင်သူ ၆၁ ဦး၏လယ်မြေ ၂၀၂ ဧကတွင် B-31 ဝါမျိုး စိုက်ပျိုးထားသည့် ရွှေကြံပင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ ဝါစိုက်အသင်းသားတောင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံကာ အထွက်တိုးမျိုးကောင်းမျိုးသန့်များနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများပံ့ပိုးပေးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ Grade A၊ Grade B အဆင့်မီ ဝါများရရှိရေးအတွက် သက်ဆိုင်ရာဌာနများက ပညာပေးရေး၊ လိုအပ်သော စိုက်ပျိုးရေရရှိရေးတို့အတွက် ညှိနှိုင်းမှာကြားသည်။

ယင်းနောက် ဝါစိုက်အသင်းသားတောင်သူများက သီးနှံဖျက်ပိုးကျရောက်မှု ကူညီဆောင်ရွက်ပေးရေး၊ ကျေးရွာအဝင်တံတားတည်ဆောက်ပေးရေးနှင့်စိုက်ပျိုးရေ လိုအပ်ချက်များတင်ပြရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝါစိုက်အသင်းသားတောင်သူများထံ ထောက်ပံ့ပေးအပ်မည့် B-31 ဝါမျိုးအိတ်များနှင့်စမ်းဝတီသဘာဝမြေဩဇာအိတ်များကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ရမည်းသင်းမြို့နယ် ပျဉ်းတပ်ရပ်ကွက်ရှိ အောင်ချမ်းသာ ဝါစက်နှင့်သီးနှံစုံရောင်းဝယ်ရေးသို့သွားရောက်ကြည့်ရှုပြီး ဝါကြိတ်ဝါဖိစက်များ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဝါစေ့ဆီကြိတ်ရန်အတွက် ဆီစက်တည်နိုင်ရေးလိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရမည်းသင်းမြို့နယ် ကတင်ကျေးရွာသို့သွားရောက်ပြီး အသင်းသားတောင်သူ ၈၃ ဦး၏ လယ်မြေဧက ၂၁၀ တွင် မိုးကြိုဝါများစိုက်ပျိုးနေကြသည့် လင်းလင်း စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ မိုးကြိုဝါများ အောင်ရေရရှိရေးအတွက် တွင်းတိမ်များတူးဖော်ပေးရေး၊ မိုးကြိုဝါစိုက်အပြီး မိုးစပါးဧက ၁၈၀၀ စိုက်ပျိုးရန်အတွက် အထွက်တိုးမျိုးကောင်းမျိုးသန့်များ ကူညီပံ့ပိုးပေးရေး တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ရမည်းသင်းမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက် ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ရန်ကုန် မေ ၁၆

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် အာရှဘောလုံးအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်စွမ်းဆောင်ရည်ထူးချွန်ဆု ချီးမြှင့်ခြင်းခံရ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပလျက်ရှိသော (၃၄)ကြိမ်မြောက် အာရှဘောလုံးအဖွဲ့ချုပ်ညီလာခံတွင် အာရှဘောလုံးအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်စွမ်းဆောင်ရည် ထူးချွန်ဆုတစ်ခုဖြစ်သည့် AFC Distinguished Service Award ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အား ပေးအပ်ချီးမြှင့်ခံရကြောင်း သိရသည်။



AFC Distinguished Service Award ဆုတံဆိပ်သည် အာရှဒေသဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်အားထက်သန်စွာ မဆုတ်မနစ်ထမ်းရွက်မှုများ၊ ဘောလုံးအားကစားနှင့်အတူ လူ့အဖွဲ့အစည်းကောင်းကျိုးအတွက် ထူးချွန်စွာဆောင်ရွက်ခဲ့မှုများအတွက် ဂုဏ်ပြုပေးအပ်သည့် ဂုဏ်ထူးဆောင်စွမ်းဆောင်ရည်ထူးချွန်ဆုဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ကိုဗစ်-၁၉ ရောဂါကာလအတွင်း စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုများနှင့် အာရှဒေသ ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေး ထူးချွန်စွာဆောင်ရွက်ခဲ့မှုများအတွက် ယခုကဲ့သို့ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပြီး FIFA ဥက္ကဋ္ဌ Mr .Gianni Infantino နှင့် AFC ဥက္ကဋ္ဌ Mr.SHAIKH SALMAN BIN EBRAHIM AL KHALIFA တို့ကိုယ်တိုင် ဂုဏ်ထူးဆောင်စွမ်းဆောင်ရည်ထူးချွန်ဆုကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

(၃၄)ကြိမ်မြောက် အာရှဘောလုံးအဖွဲ့ချုပ်ညီလာခံ အာရှဘောလုံးအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Mr. Datuk Seri Windsor John က ဦးဇော်ဇော်သည် ကိုဗစ်-၁၉ ရောဂါဆိုးရွားစွာရင်ဆိုင်ရချိန်တွင် ရန်ကုန်မြို့၌ ICU/HDU ပါ ခုတင်-၁၀၀၀ ကိုဗစ်စင်တာ၊ မန္တလေးမြို့၌ ၃၇၅ ခုတင်ဆံ့ ကိုဗစ်စင်တာတို့ကို တည်ဆောက်၍ ကိုဗစ်လူနာဦးရေ ၁၂၀၀၀ ကျော်ကို အခမဲ့ကုသပေးခဲ့ကြောင်း၊ အခမဲ့ကိုဗစ်စစ်ဆေးရေး စင်တာများကိုလည်း ဆောက်လုပ်၍ လူဦးရေ ၂၂၀၀၀ ကျော်ကို စစ်ဆေးပေးခဲ့ကြောင်း၊ ၎င်းအပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူချိန်မှစ၍ ဘောလုံးလောကနှင့် လူသားအကျိုးပြု လုပ်ငန်းစဉ်များတွင် အစဉ်တစိုက် တက်ကြွစွာပါဝင်ခဲ့ခြင်းတို့ကြောင့် ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဆုကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ Senior Vice President အဖြစ် တာဝန်ယူဆောင်ရွက်နေပြီး AFC Social Responsibility ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ AFC Dream Asia Foundation ဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း အာရှဘောလုံးအဖွဲ့ချုပ်၏လူမှုရေးလုပ်ငန်းစဉ်များတွင် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **စည်သူအောင်**

ရန်ကုန် မေ ၁၆

# (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့ကာယဗလ အားကစားအဖွဲ့ ပြည်ပထွက်ခွာ

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ၂၀၂၄ ခုနှစ် မေလ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့်(၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်)ဦးညီညီ ဦးဆောင်သောမြန်မာ့ကာယဗလအားကစားအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့် မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများကပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

မြန်မာ့ကာယဗလ အားကစားအဖွဲ့တွင် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း (အုပ်ချုပ်သူ)၊ ဒေါ်ရီရီဝင်း(နည်းပြ)၊ ဦးဇော်ဝင်းအောင်(နည်းပြ)၊ ဦးအောင်နိုင်(ဒိုင်)၊ ကာယဗလအားကစားသမားများဖြစ်ကြသည့် ကာယဗလ (၆၀ )ကီလိုတန်းပြိုင်ပွဲတွင် ထွန်းမင်းနိုင်၊ (၆၅ )ကီလိုတန်းပြိုင်ပွဲတွင် မုန်ဘန်အောင်၊ (၇၀ )ကီလိုတန်းပြိုင်ပွဲတွင် နိုင်မင်းသိမ်း၊ ( ၇၅) ကီလိုတန်းပြိုင်ပွဲတွင် အောင်မင်းဦး၊ (၇၅) အထက်ကီလိုတန်းပြိုင်ပွဲတွင် မျိုးနိုင်ထွန်း၊ Men's Athletic Physique up to 175 cm + 6kg ပြိုင်ပွဲတွင် ကိုကိုကျော်ဖြိုး၊ Men's Sports Physique up to 170 cm -2 kg ပြိုင်ပွဲတွင် သန်းထိုက်ဦး၊ Women's Athletic Physique ပြိုင်ပွဲတွင် သဲဝါ၊ Women's Model Physique up to 160 cm ပြိုင်ပွဲတွင် ခင်နီလာစိုးနှင့် Women's Model Physique over 165 cm ပြိုင်ပွဲတွင် ဇူးဇူးသန့်တို့ လိုက်ပါသွားကြောင်းသိရသည်။ **လင်းခန့်**



နေပြည်တော် မေ ၁၆

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**




## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး)(ဆောင်ရွက်ဆဲလုပ်ငန်း)ဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်) တွင်ဆောင်ရွက်မည့် ဆရာ/ဆရာမဆောင် (၄)ထပ် သံကူကွန်ကရစ်အဆောက်အအုံ(၁)လုံး၏ ဆောင်ရွက်ရန်ကျန်ရှိသောလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)ရှိ ဆရာ/ဆရာမဆောင်(၄)ထပ် သံကူကွန်ကရစ်အဆောက်အဦ(၁)လုံး၏ဆောင်ရွက်ရန်ကျန်ရှိသောလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်)တွင် ၁၆-၅-၂၀၂၄ ရက်နေ့မှ ၂၉-၅-၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို ၂၉-၅-၂၀၂၄ ရက်နေ့ တစ်ရက်တည်းသာ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၇၃၄၀၄၀၂၀၊ ၀၆၇၃၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ ဇီဝက(၁၅)လမ်း၊ အိမ်နံပါတ်(၄၈၁)နေ ဒေါ်တင်တင်သန်း၏သား မောင်အောင်အောင်ဦး ၁၂/ဥကမ(နိုင်)၂၆၆၀၃၃ သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် ရာသက်ပန်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်သန်း**
**၁၂/အစန(နိုင်)၁၆၆၀၂၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံးကြီးတွင် တက်ရောက်ကုသကြသည့် လူနာများအတွက် အောက်ဖော်ပြပါ ဆေးဝါးများနှင့်ဆေးပစ္စည်းများ ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

(က)ဆေးဝါးနှင့်ဆေးပစ္စည်းများ
(ခ)ဓာတ်ခွဲခန်းသုံးဆေးရည်နှင့်ဆေးပစ္စည်းများ
(ဂ)ဓာတ်မှန်ခန်းသုံးဆေးပစ္စည်းများ
(ဃ)အောက်စီဂျင်

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၁၅-၅-၂၀၂၄ (ဗုဒ္ဓဟူးနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် - ၂၈-၅-၂၀၂၄ (အင်္ဂါနေ့)
နေ့ရက်/အချိန် ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံးကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## PROCTER & GAMBLE MYANMAR COMPANY LIMITED
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၃၅၇နှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ၂၁၁ အရ (အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း) နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

PROCTER & GAMBLE MYANMAR COMPANY LIMITED အစုရှင်များ၏ နောက်ဆုံးအစည်းအဝေးကို (၃၁-၅-၂၀၂၄)ရက်နေ့ နံနက်(၁၀း၀၀)နာရီ တိတိတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းသွယ်၊ အမှတ်-၂၂(စီ)ရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဒေါ်ဆုမွန်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၂)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**အမှတ်-၂၂(စီ)၊ ကမ္ဘာအေးဘုရားလမ်းသွယ်၊**
**ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

### ပျောက်ဆုံးကြောင်း
ထက်အောင်(ဘ)ဦးထွန်းလှ ၇/လပတ(နိုင်)၁၆၀၇၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 327723)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မောင်ဆမ်းမန်(ဘ)ဦးအိုက်လူ ၁၃/ဟပတ(နိုင်)၀၂၄၃၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၈၉၀၀၇၇၆**

### ပျောက်ဆုံးကြောင်း
လယ်ဝေးမြို့၊ ကြို့တန်းရွာနေ လွှမ်းမိုးအောင်(ဘ)ဦးဝင်းဇော် ၉/လဝန(နိုင်)၂၈၅၁၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 048509)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၄၉၀၉၈၁၆၁**

### ပျောက်ဆုံးကြောင်း
မျိုးသန့်(ဘ)ဦးစိုးထွေးနိုင် ၁၂/ပဘတ(နိုင်)၀၃၂၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 473417)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၀၇၇၃၉၃**

### ပျောက်ဆုံးကြောင်း
စန္ဒာထွန်း(ဘ)ဦးသိန်းရွှေ ၁၂/သကတ(နိုင်)၁၄၉၉၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ခင်သန်းလွင်(ဘ)ဦးကျော်ထွန်း ၈/ငဖန(နိုင်)၀၃၇၂၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**လျှပ်စစ်သုံးလျှင်**
**သတိထား၍**
**ဝန်အားမများ**
**မသုံးရ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံးကြီးတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ PET/CT & Cyclotron Center ရှိ Cyclotron စက်၏ Ion Source လဲလှယ်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၁၅-၅-၂၀၂၄ (ဗုဒ္ဓဟူးနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် - ၂၈-၅-၂၀၂၄ (အင်္ဂါနေ့)
နေ့ရက်/အချိန် ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သာကေတမြို့နယ်၊ ခုတင်(၁၀၀)အထူးကုဆေးရုံကြီးသို့ (၂၄)နာရီ ဓာတ်အားပေးနိုင်ရေးလုပ်ငန်းဆောင်ရွက်ရန်(ပစ္စည်း+လုပ်အားခ)ပုတ်ပြတ်(Turnkey) စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၀-၅-၂၀၂၄) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၄-၆-၂၀၂၄)ရက်နေ့၊ (၁၄း၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### အမည်ပြောင်း
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ အဘ ဦးကျော်မင်းစိုး၏သမီး အ. ထ. က(၄)၊ Grade-4 တွင်အောင်မြင်ခဲ့သော မခင်စန္ဒာကျော်အား မခင်နန်းရွှေဇင်ဟုပြောင်းလဲခေါ်ဆိုပါရန်။
**မခင်နန်းရွှေဇင်**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ. ထ. က(၁)၊ Grade-12 မှ မရွှေရည်မျိုးမင်း၊ Grade-10 မှ မနန်းမြမြဦးတို့၏ဖခင် ဦးမျိုးမင်းသူ၏ အမည်မှန်မှာ ဦးမင်းသူ ၈/မကတ(နိုင်)၁၃၆၁၂၃ ဖြစ်ပါကြောင်း။
**ဦးမင်းသူ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပေါက်တောကျေးရွာနေ မောင်အောင်ဖြိုးဇော်၊ မောင်သူရဇော်၊ မစုမြတ်အေးတို့၏ဖခင်အမည်မှန်မှာ ဦးကျော်မြင့်ဦး ၈/ရစက(နိုင်)၀၇၅၈၃၇ဖြစ်ပါကြောင်း။
**ဦးကျော်မြင့်ဦး**

### ဖခင်အမည်မှန်
လယ်ဝေးမြို့နယ်၊ ကုန်းသာအုပ်စု၊ ကုန်းသာကျေးရွာနေ မအေးနဒီဦး Grade-12 ၏ဖခင် အမည်မှန်မှာ ဦးမြင့်ထွန်းအောင် ၉/လဝန(နိုင်)၁၆၇၆၂၄ ဖြစ်ပါကြောင်း။
**ဦးမြင့်ထွန်းအောင်**

### ပျောက်ဆုံးကြောင်း
သန်းဇော်(ဘ)ဦးရွှေစိုး ၅/ပလန(နိုင်)၀၀၀၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 757799)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၀၄၅၀၃၇**

### အမည်မှန်
လယ်ဝေးမြို့နယ်၊ ကုန်းသာအုပ်စု၊ ကုန်းသာကျေးရွာနေ ဦးတင်လှ၏သား ကိုကျော်မိုးသူ၏ အမည်မှန်မှာ ကိုကျော်မျိုးသူ ၉/လဝန(နိုင်)၃၀၄၃၈၈ ဖြစ်ပါကြောင်း။
**ကိုကျော်မျိုးသူ**

### ပျောက်ဆုံးကြောင်း
နူရ်လာမိန်(ဘ)အာဆောတာလီ ၁၁/စတန(ပြု)၀၀၃၆၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(958132)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၂၄၈၃၇၈၆**

### ပျောက်ဆုံးကြောင်း
ဟိန်းထက်(ဘ)ဦးမြင့်ဝေ ၁၂/ရပသ(နိုင်)၀၇၁၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 433240)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၁၇၄၀၅၆၇**

### ပျောက်ဆုံးကြောင်း
တင်တင်ယု(ဘ)ဦးတင်စိုး ၁၂/လမန(နိုင်)၀၀၄၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(754431)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၀၇၁၀၆**

### ပျောက်ဆုံးကြောင်း
လှလှဝင်း(ဘ)မာမက်ဟူဆောင်း ၁၂/သဃက (နိုင်)၀၀၂၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 936161)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

### ပျောက်ဆုံးကြောင်း
ဇင်မိုမိုအောင်(ဘ)ဦးဝင်းမောင်(ခ)အူစမန်း ၁၂/တမန(နိုင်)၁၀၈၈၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 426640)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၀၀၁၆၆၀**

### ပျောက်ဆုံးကြောင်း
စိုးသက်ထိုက်(ဘ)ဦးမောင်အုံး ၁၄/ပစလ(နိုင်)၀၀၆၉၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 749442)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မျိုးမင်းအောင်(ဘ)ဦးစိုးအောင် ၁၂/ရပသ(နိုင်)၀၇၀၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 181250)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မြတ်ငယ်လေး(ဘ)ဦးမြတ်ဆွေ ၈/သရန(နိုင်)၀၀၀၂၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 099794)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
အိအိထက်(ဘ)ဦးတင်စိုး ၇/မလန(နိုင်)၁၀၃၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(M 686581)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
**ဖုန်း-၀၉-၆၉၉၀၇၂၉၉၅**

### ပျောက်ဆုံးကြောင်း
စုမွန်ရှိန်(ဘ)ဦးကျော်ရှိန် ၇/ပခတ (နိုင်)၀၄၆၃၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH488593)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဟိန်းမိုးသူ(ဘ)ဦးသန်းထွန်း ၇/ဝမန(နိုင်)၂၀၃၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ**

## လူမှုရေး/စီးပွားရေးကြော်ငြာများ (30 % Discount Off)

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၃၂၅၉၇၇၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။


အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
STARMART nine mile Showroom
STARMART nine mile
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
RHINO
PORTLAND CEMENT
Lemon Tea
PYIN OO LWIN
NAN MYAING
TRISTAR


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
MALTA FRESH
ABA
2016


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၅၃~၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇

**▸▸ ကျောဖုံးမှအဆက်**

စတင်ကျင်းပခဲ့ကြောင်းသိရသည်။

M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို မန္တလေးမြို့ Min Khant Myanmar Sports Complex တွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် မေလ ၁၄ ရက်မှစတင်ပြီး မေလ ၂၀ ရက်ထိကျင်းပသွားမည်ဖြစ်သည်။

M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် Scary Owls အသင်းနှင့် Linn Latt FC အသင်းတို့ကစားခဲ့ရာ Linn Latt FC အသင်းက Scary Owls အသင်းကို ၁၃ ဂိုး ၆ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် Pyae Sone FC အသင်းနှင့် Top United အသင်းတို့ကစားခဲ့ရာ Pyae Sone FC အသင်းက Top United အသင်းကို ၄ ဂိုး ၂ ဂိုးဖြင့်လည်းကောင်းအနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီတွင် UPK FC အသင်းနှင့် MB United အသင်းတို့ကစားခဲ့ရာ MB United အသင်းကUPK FC အသင်းကို ၁၄ ဂိုး ၁၃ ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် Sun Shine FC အသင်းနှင့် Royal Brother အသင်းတို့ကစားခဲ့ရာ Sun Shine FC အသင်းက Royal Brother အသင်းကို ၇ ဂိုး ၄ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့သည်။

M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို မေလ ၁၈ ရက်တွင်လည်းကောင်း၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်ကို မေလ ၂၀ ရက်တွင်လည်းကောင်း အသီးသီး ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း (၁၀)လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာ လဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝက မြို့နယ်ရုံးများ၌ UID နံပါတ် ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီး ပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန် နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**♦ မြန်မာအမျိုးသားလေကြောင်းမှအဆက်**

မြန်မာအမျိုးသားလေကြောင်း၏ ရန်ကုန်-နန်နင်း-ရန်ကုန် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးလေကြောင်းခရီးစဉ် Cargo Flight အား တစ်ပတ်လျှင်သုံးကြိမ် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့တို့တွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ရန်ကုန်မှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ နန်နင်းသို့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ထို့နောက် နန်နင်းမှ ဒေသစံတော်ချိန် ည ၆ နာရီတွင် ပြန်လည်ထွက်ခွာ၍ ရန်ကုန်သို့ ည ၇ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။


ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးလေကြောင်းခရီးစဉ်များ(Cargo Flight) ပျံသန်းပြေးဆွဲသည့် Boeing 737-800 Freighter လေယာဉ်သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်တွင် မြန်မာနိုင်ငံသို့ဆိုက်ရောက်ခဲ့ပြီး မြန်မာအမျိုးသားလေကြောင်း၏ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လေကြောင်းခရီးစဉ်များဖြစ်သော ရန်ကုန်-ကူမင်း-ရန်ကုန်၊ ရန်ကုန်-ဗန်ကောက်-ရန်ကုန်၊ ရန်ကုန်-စင်ကာပူ-ရန်ကုန်နှင့် ရန်ကုန်-မန်စီ-ရန်ကုန် Cargo ခရီးစဉ်များတွင် ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ဝန်းရံ**


**နေပြည်တော်  မေ  ၁၆**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ


တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **မေလ ၁၄ ရက်**တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့၊ မြို့ရှောင်လမ်း၊ မြေနီကုန်း ကားကြီးဝင်းအနီး၌ မော်လမြိုင်မြို့မှ သထုံမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Lactasoy ပဲနို့ဘူး (၇၂၀၀)၊ ပုစွန်နှစ်ကောင်စားအုန်းဆီ (၁)လီတာပါဘူး (၈၄၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Atlas Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၅၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ **မေလ ၁၄ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၇)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် KAZU Lead Acid Battery အလုံး(၂၀၀)၊ Solar Pannel အခု (၉၅၀)၊ Yuanda တံဆိပ် ဓာတ်လှေကားအပိုပစ္စည်း (၂)ခု အပါအဝင် ကုန်ပစ္စည်း (၉)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၄၃၂၈၄၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၃၃)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် FAW Baling Truck (Without Body) (၃)စီး၊ အိန္ဒိယနိုင်ငံထုတ် ဆေးဝါး Caine Bupivacaine Injection ထုံဆေးဘူး (၄၃၀၀)နှင့် Blue Diamond ချည်မျှင်ကီလိုဂရမ် (၂၇၂၄၀)အပါအဝင် ကုန်ပစ္စည်း (၄)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၇၄၀၉၁၈) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဗီယက်နမ်နိုင်ငံထုတ် SAILUN ကားတာယာ (၁၀၂)လုံး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၁၃၆၉၃၁၈)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် **မေလ ၁၅ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင် အခြားသစ် (သုည ဒသမ ၆၃၁)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၁၃၀၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Light Truck(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ဆံပင်အတု ကီလိုဂရမ် (၁၀၂၀) အပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၅၂၀၀၀)နှင့် Nissan Diesel Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)နှင့် မြစ်ငယ်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Apple Tissue (၄၀၅၀) ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၉၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရွှေကျင်စစ်ဆေးရေးစခန်း၌ ဆီသယ်ယာဉ် (၃)စီးပေါ်မှ တရားမဝင်စက်သုံးဆီဒီဇယ်ဆီ (၈၇၄၄)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၀၈၄၇၉၃)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Dong Feng ဆီသယ်ယာဉ်(၁)စီး၊ Nissan Diesel ဆီသယ်ယာဉ်(၁)စီး၊ Hoyun Tractor Head (၁)စီးနှင့် ဆီသယ်နောက်တွဲယာဉ် (၁)တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၃၅၇၃၀၉၃)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

သို့ဖြစ်ပါ၍ မေလ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင်ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၄) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၀၃၉၂၄၁၁)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

ရီယက်၊ ဘောလုံး

# အယ်နာဆာအသင်းက မန်ယူအသင်းမှထွက်ခွာဖွယ်ရှိနေသည့် ကွင်းလယ်ကစားသမား ဟာနန်ဒက်စ်ကိုခေါ်ယူရန် ကြိုးပမ်းနေ





ဆော်ဒီထိပ်တန်းကလပ် အယ်နာဆာအသင်းက မန်ယူအသင်းနှင့်လမ်းခွဲဖွယ်ရှိနေသည့် ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်ကို မန်ယူအသင်းမှတောင်းဆိုသည့် ပြောင်းရွှေ့ကြေးပေးချေပြီး ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

အယ်နာဆာအသင်းသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက မန်ယူအသင်းမှ စီရော်နယ်ဒိုကိုခေါ်ယူခဲ့ပြီး ဥရောပမှ ထိပ်တန်းကစားသမားအများစုကို ခေါ်ယူခဲ့ကာ ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကလည်း တဲလက်စ်၊ မာနေး၊ ဘရာဇိုဗစ်ချ်၊ လာပေါ့တီ၊ အော်တာဗီယို စသည့်ကစားသမားများကိုခေါ်ယူပြီးနောက် ယခုအခါ ဖာနန်ဒက်စ်ကိုခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဖာနန်ဒက်စ်သည် ၂၀၂၀ ပြည့်နှစ်က စပို့တင်းလစ္စဘွန်းအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင်အဖြစ် ရပ်တည်နေသူဖြစ်သည်။

သို့သော် လက်ရှိ မန်ယူအသင်း၏အားကစားဆိုင်ရာကိစ္စရပ်များကို ဦးဆောင်လုပ်ကိုင်ခွင့်ရရှိထားသည့် အသင်းပူးတွဲပိုင်ရှင် ရက်ကလစ်က လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဂါနာချို၊ ဟိုက်လန်းနှင့် ကိုဘီမိုင်နူးတို့မှလွဲပြီး ကျန်ကစားသမားများကိုခေါ်ယူရန် ကမ်းလှမ်းမှုများရှိပါက လက်ခံမည်ဟုပြောကြားခဲ့ပြီးနောက် မန်ယူအသင်းနှင့် ဖာနန်ဒက်စ်တို့ကြား ဆက်ဆံရေးတင်းမာမှုများရှိလာခဲ့ခြင်းဖြစ်သည်။

အစောပိုင်းကတည်းက စီရော်နယ်ဒိုက ဖာနန်ဒက်စ်ကိုခေါ်ယူပေးရန် အယ်နာဆာအသင်းမှ တာဝန်ရှိသူများထံ တောင်းဆိုထားသည့်အတွက် ယခုအခါ အယ်နာဆာအသင်းက ခေါ်ယူရန်ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

*Ref;The Athletic*

မက်ဒရစ်၊ ဘောလုံး

# ဂီရိုနာအသင်းက ခံစစ်ကစားသမား ဒါလေဘလိုင်းကို သက်တမ်းတိုးစာချုပ်ချုပ်ဆို

ဂီရိုနာအသင်းက အသင်းမှဝါရင့်ခံစစ်ကစားသမား ဒါလေဘလိုင်းကို နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ် ဒါလေဘလိုင်းသည် ၂၀၂၃ ခုနှစ် ဇူလိုင်လက ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ဂီရိုနာအသင်းထံ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ယခုဘောလုံးရာသီတွင် ဂီရိုနာအသင်းသည် စပိန်လာလီဂါပြိုင်ပွဲ၌ အကောင်းဆုံးရလဒ်များရရှိပြီး အသင်းသမိုင်းတစ်လျှောက် ပထမအကြိမ် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ရာတွင် ဒါလေဘလိုင်းက အဓိကကစားသမားအဖြစ် ခြေစွမ်းပြနိုင်ခဲ့သည်။

ဒါလေဘလိုင်းသည် ယခုဘောလုံးရာသီတွင် ဂီရိုနာအသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲ၌ ၃၂ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်ထားပြီး ခြေစွမ်းပြနိုင်ခဲ့သည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

ဘာလင်၊ ဘောလုံး

# ဘိုင်ယန်မြူးနစ်အသင်းက နည်းပြသစ်ရှာဖွေရန်ခက်ခဲနေသည့်အတွက် နည်းပြတူချယ်လ်ကို စာချုပ်သက်တမ်းကုန်ဆုံးချိန်အထိ ဆက်လက်တာဝန်ပေးအပ်ဖွယ်ရှိ

ဘိုင်ယန်မြူးနစ်အသင်းနှင့် နည်းပြတူချယ်လ်တို့ကြား ယခုဘောလုံးရာသီအကုန်တွင် လမ်းခွဲရန် သဘောတူညီမှုရရှိထားပြီးဖြစ်သော်လည်း လက်ရှိဘိုင်ယန်မြူးနစ်အသင်းက နည်းပြသစ်ရှာဖွေရန် ခက်ခဲနေသည့်အတွက် နည်းပြတူချယ်လ်ကို စာချုပ်သက်တမ်းကုန်ဆုံးချိန် လာမည့်ဘောလုံးရာသီအထိ ဆက်လက်တာဝန်ပေးအပ်ဖွယ်ရှိကြောင်း သိရသည်။

နည်းပြတူချယ်လ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပထမဆုံးဘောလုံးရာသီတွင် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ သို့သော် ယခုဘောလုံးရာသီတွင် ရလဒ်များဆိုးရွားခဲ့ပြီး ဂျာမန်ဘွန်ဒက်စ်လီဂါဖလားကို လေဗာကူဆင်အသင်းထံလက်လွှတ်ခဲ့ရကာ ဆုဖလားလက်မဲ့ရာသီနှင့်တွေ့ကြုံခဲ့ရပြီးနောက် ယခုဘောလုံးရာသီအကုန်တွင် လမ်းခွဲရန် ကနဦးဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။


ဘိုင်ယန်မြူးနစ်အသင်းက ယခုဘောလုံးရာသီအကုန်တွင် နည်းပြတူချယ်လ်၏နေရာ၌ အစားထိုးခန့်အပ်ရန် လက်ရှိ လေဗာကူဆင်အသင်းနည်းပြအလွန်ဆို၊ ဂျာမနီအသင်းနည်းပြ နာဂယ်စမန်း၊ နည်းပြဟောင်း ဟန်ဆီဖလစ် စသည့်နည်းပြများနှင့် ဆက်သွယ်ခဲ့သော်လည်း အဆင်မပြေဖြစ်နေသည့်အတွက် နည်းပြတူချယ်လ်ကိုသာ စာချုပ်သက်တမ်းကုန်ဆုံးချိန်အထိ ဆက်လက်တာဝန်ပေးအပ်ဖွယ်ရှိနေသည်။

ဘိုင်ယန်မြူးနစ်အသင်း ဘုတ်အဖွဲ့ဝင်များက နည်းပြတူချယ်လ်ကို လာမည့်ဘောလုံးရာသီကုန်ဆုံးချိန်အထိ ဆက်လက်တာဝန်ပေးအပ်ရန် နည်းပြတူချယ်လ်၏အေးဂျင့်ဖြစ်သူ အိုလ်ဖ်မိန်ကင်းနှင့် တွေ့ဆုံပြီး ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

*Ref;Bild*

လန်ဒန်၊ ဘောလုံး

# ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် VAR စနစ်ကို ဆက်လက်အသုံးပြုခြင်း ရှိ မရှိ မဲခွဲဆုံးဖြတ်မည်



ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က လက်ရှိကျင့်သုံးနေသည့် ဗီဒီယိုအကူစနစ်(VAR)ကို ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ဆက်လက်အသုံးပြုခြင်း ရှိ၊ မရှိ ဇွန်လ ၆ ရက်တွင် မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကွင်းလယ်ဒိုင်များကို အထောက်အကူပြုနိုင်ရန် VAR စနစ်ကိုအသုံးပြုခဲ့သော်လည်း လက်ရှိတွင် ကွင်းလယ်ဒိုင်များအတွက် အထောက်အကူပြုရေးထက် အငြင်းပွားမှုများစွာဖြစ်ပွားခဲ့သည့်အတွက် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။

ယခုဘောလုံးရာသီတွင် VAR စနစ်ကြောင့် အငြင်းပွားဖွယ်ဖြစ်ရပ်အများအပြားဖြစ်ပွားခဲ့ကာ ဝုဗ်အသင်းက VAR စနစ်ကျင့်သုံးနေခြင်းကို ဖျက်သိမ်းပေးရန် ဦးဆောင်တောင်းဆိုမှုပြုလုပ်ခဲ့ပြီးနောက် အသင်းအများအပြားပါဝင်လာသည့်အတွက် ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်ကလည်း အဆိုပါစနစ်ကို ဆက်လက်အသုံးပြုခြင်း ရှိ၊ မရှိ မဲခွဲဆုံးဖြတ်မည်ဖြစ်သည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က VAR စနစ်ကိုဖျက်သိမ်းရန် မဲခွဲဆုံးဖြတ်ရာ၌ ပြိုင်ပွဲဝင်အသင်း ၂၀ မှ ၁၄ သင်းက ဆက်လက်အသုံးမပြုရန် ဆန္ဒမဲပေးမည်ဆိုပါက လာမည့်ဘောလုံးရာသီတွင် VAR စနစ်ကို ဆက်လက်အသုံးမပြုတော့ဘဲ ဖျက်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

*Ref;Dailymail*

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၆-၅-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၈၄၉။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများအားရည်စူး၍ ဦးနေတွတ်နှင့်ဇနီး ဒေါ်အေးမြင့်မိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၈၈၅၀။ | ဒေါ်နီနီဝင်းရွှေမိသားစုကောင်းမှု | ၁၁၅၀၀၀၀ |
| ၈၈၅၁။ | ဦးထွန်းအောင်လှိုင်နှင့်ဇနီး ဒေါ်အေးအေးမိသားစု ကောင်းမှု | ၅၀၀၀၀၀ |
| ၈၈၅၂။ | ကိုကျော်ဇင်ထွန်းနှင့်ဇနီး မသိင်္ဂီအေး၊ (သား)မောင်အောင်အေးချမ်းကျော်၊ မောင်ထူးထက်မြတ်နိုင် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၈၅၃။ | နေပြည်တော်စည်ပင်ဈေးများဌာနမှ ဝန်ထမ်းမိသားစု ကောင်းမှု | ၅၀၀၀၀၀ |
| ၈၈၅၄။ | နှစ်ဖက်သောမိဘများအမှူးထား၍ ဦးမောင်မောင်စံနှင့်ဇနီး ဒေါ်ခန့်ပပအောင်၊ (သား)မောင်ထွန်းကုဋ္ဌေကြွယ်၊ (သမီး)မမြပွင့်ဖြူဖြူမောင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၈၅၅။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (ရန်ကုန်)မှ အရာထမ်း/အမှုထမ်းများကောင်းမှု | ၂၁၀၀၀၀ |
| ၈၈၅၆။ | ကွယ်လွန်သူဒေါ်ငွေငွေစန်းအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၈၅၇။ | ဦးသက်ပိုင်ဦးမိသားစုကောင်းမှု | ၁၂၁၄၀၀ |
| ၈၈၅၈။ | ဗိုလ်မှူးပြည့်စုံမှူးနှင့်ဇနီး ဒေါ်လှိုင်ဝတ်မှုန်မိသားစု ကောင်းမှု | ၁၁၀၀၀၀ |
| ၈၈၅၉။ | ကွယ်လွန်သူ မိခင်၊ ဖခင်အားရည်စူး၍ ကိုအောင်ကျော်မိုး နှင့်ဇနီး မငွေငွေမြင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၈၆၀။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ဝေဝေထွန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၈၆၁။ | ကွယ်လွန်သူ မကေခိုင်အားရည်စူး၍ ကျန်ရစ်သူမိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၆၂။ | ဒေါ်မူလေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၆၃။ | ဦးစိုးဦးနှင့်ဇနီး ဒေါ်မြင့်မြင့်ထွေး၊ (သား)မောင်မြတ်မင်းသူ၊ (သမီး)မအိစံပယ်ထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၆၄။ | ဦးဇော်မိုးထွန်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်စိုး၊ (သမီး)မမေဖူးဇော်၊ (သား)မောင်ပြည့်စုံစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၈၆၅။ | မိခင်ကြီးဒေါ်တင်ကြည်အား အမှူးထား၍ ဦးစန်းငွေမောင် နှင့်ဇနီး ဒေါ်နီနီအောင်၊ (သား)မောင်မြတ်မင်းခန့်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၆၆။ | ဦးကျော်မျိုးထွေးနှင့်ဇနီး ဒေါ်နှင်းမြတ်ခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၆၇။ | ဦးဝင်းဗိုလ်နှင့်ဇနီး ဒေါ်ဥမ္မာအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၆၈။ | ဦးခိုင်ဇော်ငြိမ်းနှင့်ဇနီး ဒေါ်နန်းရွှေဥ၊ (သား)မောင်စိုင်းယွန်းထက်ခိုင်ဇော်၊ (သမီး)မနန်းဖူးမွန်ခိုင်ဇော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၆၉။ | ဦးစန်းလှိုင်နှင့်ဇနီး ဒေါ်ရှင်စန်း၊ ဦးကံလှိုင်နှင့်ဇနီး (ဒေါ်အေးလှ)တို့အားအမှူးထား၍ ဦးချိုဝင်းလှိုင်နှင့်ဇနီး ဒေါ်လဲ့လဲ့ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၇၀။ | ဒေါ်စုစုနှင့် (တူမ)မသီတာမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၇၁။ | ဦးခင်မောင်လတ်နှင့်ဇနီး ဒေါက်တာရိုစီဝင်း၊ (သမီး)ဒေါက်တာသျှားယွန်းလတ်၊ မနန္ဒာဝင်းလတ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၇၂။ | မမေမြတ်နိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၇၃။ | ဦးကြည်ဖေနှင့်ဇနီး ဒေါ်သန်းသန်းမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၇၄။ | ဒေါ်ခင်မြင့်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၈၇၅။ | ကွယ်လွန်သူ ဦးချစ်လွန်းနှင့် ဒေါ်စိန်ရင်တို့အားရည်စူး၍ ဦးထွန်းလှနှင့်ဇနီး ဒေါ်စိန်ရင်တို့အားအမှူးထား၍ မကြယ်ကြယ်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၇၆။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်စန္ဒာမိုး၊ (သမီး)မသီရိရတနာ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၇၇။ | ဦးမျိုးသန့်နှင့်ဇနီး ဒေါ်တင်တင်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၇၈။ | ဦးမြင့်ကြိုင်နှင့်ဇနီး ဒေါ်နန်းစိုးရီမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၇၉။ | ဦးမောင်မောင်ကြည်နှင့်ဇနီး ဒေါ်ကြည်ဟန်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၈၈၈၀။ | ကွယ်လွန်သူဖခင်ကြီး ဦးမောင်ကိုနှင့် မိခင်ကြီး ဒေါ်စက်ရီ တို့အားရည်စူး၍ သမီး ဒေါ်နွဲ့နွဲ့ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၈၈၁။ | ဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်ဆရာတော် ဦးအရိန္ဒာမ ကောင်းမှု | ၅၀၀၀၀ |
| ၈၈၈၂။ | ဗိုလ်ကြီးသန်းလှိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်သီတာလွင်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၈၈၈၃။ | ဒေါ်စန်းစန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၈၄။ | ဦးမောင်မောင်သွင်နှင့်ဇနီး ဒေါ်ငွေကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၈၅။ | အရာခံဗိုလ်မြင့်ဦးနှင့် (သား)မောင်သက်ပိုင်ဦးတို့အား ရည်စူး၍ ဒေါ်ခင်မာဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၈၆။ | ဒေါ်တင်တင်လွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၈၇။ | ကွယ်လွန်သူဦးကြည်အေးအားရည်စူး၍ ဒေါ်ညွန့်ကြည် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၈၈။ | ဦးကြည်ဝင်းနှင့်ဇနီး ဒေါ်တင်တင်မြတို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၈၉။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်လှလှမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၉၀။ | ကွယ်လွန်သူ ဗိုလ်မှူးဟိန်းဆက်အားရည်စူး၍ ဇနီးနှင်းမိုခမ်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၉၁။ | ဦးငြိမ်းချမ်းအောင်နှင့်ဇနီး ဒေါ်ဇာဇာနှင်းအောင်၊ (သား)မောင်မြင့်မိုရ်ငြိမ်းချမ်း၊ (သမီး)မသံသာငြိမ်းချမ်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၉၂။ | ဦးမြတ်သူနှင့်ဇနီး ဒေါ်ကေခိုင်ရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၉၃။ | ကွယ်လွန်သူ ဦးစောဦးအားရည်စူး၍ ကျန်ရစ်သူမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၈၈၉၄။ | ကွယ်လွန်သူဖခင်ကြီးဦးမြင့်ကျော်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၉၅။ | ကိုမြင့်ဇော်နှင့်ဇနီး ဒေါ်ခိုင်ခိုင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၉၆။ | မခင်အေးမင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၈၉၇။ | ကွယ်လွန်သူဘွားဘွားကြီးဒေါ်မြင့်မြင့်မူအားရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၈၈၉၈။ | ဦးသိန်းနှင့်ဇနီး ဒေါ်လှကြည်အားရည်စူး၍ သမီး ဒေါ်အေးအေးမာမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**ပျောက်ဆုံးကြောင်း**
ပြည်မြို့၊ ရွာဘဲရပ်၊ အောင်သုခနေ ဒေါ်မိုးသူဇာ(ဘ)ဦးသန်းဝင်း ၁၂/အစန(နိုင်)၁၅၈၁၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၈၂၉၇၄၃၀၆**

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၊ လမ်းမတော်အရှေ့ပိုင်းနေ ဦးအောင်သူရ(ဘ)ဦးဘအောင် ၇/ပမန(နိုင်)၀၆၆၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(360561)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၃၄၁၉၃၅၃**

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၂၀) လမ်းနေ မဇာဇာသူ(ဘ)ဦးအေးကို ၇/သနပ(နိုင်) ၁၄၉၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၆၆၁၉၈၅၆**

**ပျောက်ဆုံးကြောင်း**
ဒေါ်စိန်စိန်(ဘ)ဦးကော်ကီး ၃/ဘအန (နိုင်) ၀၂၃၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 554266)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

**ပျောက်ဆုံးကြောင်း**
ဇင်မာစိုး(ဘ)ဦးစိုးသိန်း ၈/အလန(နိုင်)၁၀၇၆၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 477532)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
မခိုင်နွယ်ဇင်(ဘ)ဦးထင်ကျော် ၈/ကမန (နိုင်)၀၈၁၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 334419)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
နော်လားခူဖော(ဘ)ဦးအုန်းမောင် ၁၄/မမန(နိုင်)၂၂၈၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

**မိခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဗန္ဓုပင်ကျေးရွာ၊ အ. မ. က(လွန်)ဗန္ဓုပင်၊ Grade -6 မှ မောင်မိုးယံထက်၏ မိခင်အမည်မှန်မှာ ၁၄/ဖပန(နိုင်)၁၁၆၆၁၀ ကိုင်ဆောင်သူ ဒေါ်မိုး စန္ဒာဖြစ်ပါကြောင်း။
**ဒေါ်မိုးစန္ဒာ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ ကိုယ်ချင်းစာသည့်အပိုင်း၌ သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းကို ခွဲခြားသိမြင်နိုင်ရန်လိုပြီး ရေတိုအလုပ်ဖြစ်စေရန် သဘောကောင်းသည်မျိုးမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်ပြီး စေတနာထားဆောင်ရွက်သွားကြရမည်ဖြစ်...

❖ ကွပ်ကဲအုပ်ချုပ်မှုအောင်မြင်ရန်အတွက်လည်း မိမိအုပ်ချုပ်ရသည့်လက်အောက်ငယ်သားကို ကျောသားရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာအုပ်ချုပ်သွားရမည်ဖြစ်...

❖ တစ်ဦးချင်းစီ၏စိတ်နေသဘောထားနှင့်လုပ်ဆောင်နိုင်စွမ်းများ၊ အားသာချက်နှင့်အားနည်းချက်များကိုလည်း သိရှိအောင်ဆောင်ရွက်ပြီး လူမှန်၊ နေရာမှန် တာဝန်ပေးအပ်နိုင်ရေးလုပ်ဆောင်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင်ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှကောက်နုတ်ချက်)

## M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစား



**မန္တလေး မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး မန္တလေးမြို့ Min Khant Myanmar Sports Complex တွင် **စာမျက်နှာ ၂၉ ကော်လံ ၁ ▸▸**

## ခိုင်းနွားမွေးမြူရေးအကြောင်း တစေ့တစောင်း

ဆောင်းပါး- စာ - ၁၃ သို့

## မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာ - ၁၄ သို့

## မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန်-နန်နင်း-ရန်ကုန် Cargo ခရီးစဉ် စတင်ပျံသန်းပြေးဆွဲ

**ရန်ကုန် မေ ၁၆**

မြန်မာအမျိုးသားလေကြောင်း၏ ရန်ကုန်-နန်နင်း-ရန်ကုန် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးလေကြောင်းခရီးစဉ်များ(Cargo Flight)အား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Boeing 737-800 Freighter လေယာဉ်ဖြင့် စတင်ပျံသန်းပြေးဆွဲခဲ့ကြောင်း မြန်မာအမျိုးသားလေကြောင်းမှသိရသည်။

ယနေ့စတင်ပျံသန်းပြေးဆွဲသည့် ရန်ကုန်-နန်နင်းခရီးစဉ်(UB-8503)တွင် ရေထွက်ကုန်ပစ္စည်းများဖြစ်သော ကဏန်းနှင့်ငါးရှဉ့် ၁၆ တန် တင်ဆောင်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ **စာမျက်နှာ ၂၉ ကော်လံ ၁ ♦**



**၁၆-၅-၂၀၂၄**

**ထူးခြားသည့် နေ့အပူချိန်များ**

| | | | | |
|---|---|---|---|---|
| ချောက် | ၄၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၄၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၄၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

